# မြဝတီ နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉၁)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟာန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကြည့်ရှုစစ်ဆေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းလေဆိပ်သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများက

**စာမျက်နှာ ၅ ကော်လံ ၁ →**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

## ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပဲခူးမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

စာ - ၅ သို့

**ဆောင်းပါး**

## အနာဂတ်အရေးတွေးဆလို့ ပညာရေးကိုအားပေးစို့

စာ - ၁၃ သို့

# သီပေါမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအား ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အမြန်ဆုံးပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူလူထုတို့ပူးပေါင်း၍ အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာလ ၂၂ ရက်တွင်လည်းကောင်း၊ အောက်တိုဘာလ ၂၄ ရက်တွင် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် **စာမျက်နှာ ၁၇ ကော်လံ ၁ ➲**



သီပေါမြို့၌ အသက် (၁၅) နှစ်အောက် ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်)

# ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်းကို လှိုက်လှဲစွာကြိုဆို

လူငယ်ဆိုသည်မှာ ကျောင်းနေအရွယ်တွင် ကျောင်းကိုပြီးမြောက်အောင် တက်ရောက်သင်ယူကြရမည်ဖြစ်သည်။ ကျောင်းပညာသင်ယူရခြင်းမှာ အဓိကအားဖြင့် မိမိတို့အနာဂတ်ဘဝကို ကောင်းမွန်စွာဖန်တီးနိုင်ရေးအတွက် သင်ယူကြရခြင်းဖြစ်သည်။ လူ့ဘဝသို့ရောက်လာသူတိုင်းတွင် အရွယ်သုံးပါးရှိပေရာ ပထမအရွယ်သည် ကျောင်းနေပျော်၍စာကိုတတ်အောင် သင်ယူကြရမည်ဖြစ်သည်။ ပထမအရွယ်လုပ်ဆောင်ရမည့်လုပ်ငန်းသည် ပညာသာအဓိကဖြစ်သည်။ ပညာဖြင့်ယှဉ်ပြိုင်နေရသည့်ခေတ်ကာလတွင် ပညာကိုဆုံးခန်းတိုင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသည်အထိသင်ယူကြရမည်ဖြစ်သည်။ ပထမအရွယ်တွင် ပညာနှင့်ပြည့်စုံနေမှသာ ဒုတိယအရွယ်တွင်အလုပ်အကိုင်အခွင့်အလမ်းများ လွယ်ကူချောမွေ့စေမည်ဖြစ်သည်။ ထိုမှတစ်ဆင့် တတိယအရွယ်သို့ရောက်သည့်အခါ ပူပင်ကြောင့်ကြမှုကင်းရှင်းစွာဖြင့် ဘဝခရီးကိုကျော်ဖြတ်နိုင်ကြမည်ဖြစ်သည်။ ဤသည်မှာ လောက၏နိယာမတရားပင်ဖြစ်သည်။

သို့သော်လည်း ၂၀၂၀ ပြည့်နှစ် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုတို့၏ နောက်ဆက်တွဲအကျိုးရလဒ်များအဖြစ် အချို့သောလူငယ်များသည် အသိပညာဗဟုသုတနည်းပါးခြင်း၊ ပညာတတ်မြောက်အောင် သင်ယူထားသော်လည်း တွေးခေါ်မြော်မြင်မှုနည်းပါးခြင်းတို့ကြောင့် နိုင်ငံရေးဝါဒမှိုင်းတိုက်မှုနောက်သို့လိုက်ပါကာ PDF အမည်ခံအကြမ်းဖက်သမားအဖျက်သမားအဖြစ်သို့ရောက်ရှိသွားကြသည်။ ဤဖြစ်ရပ်များနှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထားများ ယနေ့တိုင် ထင်ရှားစွာရှိနေဆဲဖြစ်သည်။ မဲမသမာမှုဖြစ်စဉ်မှာ အလွန်အရုပ်ဆိုးအကျည်းတန်ပြီး နိုင်ငံ့ဂုဏ်သိက္ခာကျဆင်းစေသည့်လုပ်ရပ်ဖြစ်သည်။

ထို့ကြောင့် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲပေါ်ပေါက်လာခြင်းဖြစ်သည်။ မှန်ကန်သောနိုင်ငံရေးအပြောင်းအလဲဖြစ်သောကြောင့် မြန်မာနိုင်ငံရှိမည်သည့်သံရုံးကမျှ သံတမန်ဆက်သွယ်မှုဖြတ်တောက်ခြင်းမျိုးမရှိခဲ့ပေ။ PDF အမည်ခံအကြမ်းဖက်သမားအဖြစ်သို့ရောက်ရှိသွားသည့် လူငယ်များသည် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အမှန်အတိုင်းသိရှိသူများမဟုတ်၍ အကြမ်းဖက်လက်နက်ကိုင်ကာ နိုင်ငံတော်အစိုးရအားဆန့်ကျင်ပုန်ကန်ခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံများဖျက်ဆီးခြင်း၊ လမ်းတံတားများ၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်တာဝါတိုင်များဖျက်ဆီးခြင်းနှင့် သံဃာတော်များ၊ ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်းလုပ်ရပ်များလုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် ၎င်းတို့အဖွဲ့အစည်းအင်အားများပြားရေးအတွက် ကျေးလက်များရှိ လူငယ်လူရွယ်များအား အတင်းအဓမ္မလူသစ်စုဆောင်းကာ PDF အကြမ်းဖက်အဖွဲ့သို့ဝင်စေခြင်းလုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မသိနားမလည်၍လမ်းမှားသို့ရောက်သူများ ပြန်လည်ဖိတ်ခေါ်ခဲ့သည့်အတွက် ယခုအခါ အောက်တိုဘာလ ၉ ရက်နေ့အထိ PDF အမည်ခံအဖွဲ့များမှ အလင်းဝင်ရောက်လာသူပေါင်း ၈၂၃ ဦးရှိနေပြီဖြစ်သည်။ ဆက်လက်၍ တရားဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ၁၁ ဦး၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ၃၆ ဦးဝင်ရောက်လာခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရဆောင်ရွက်ချက်များမှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကောင်းကျိုးကိုသာ ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံများကပင် သိရှိလာကြပြီဖြစ်သည်။ မှန်ကန်သောမေတ္တာ၊ တိုင်းပြည်နှင့်လူမျိုးအပေါ်ထားရှိသောစေတနာတို့မှာ ထင်ရှားမြင်သာလာပြီဖြစ်သည်။ တိုင်းရင်းသားအမည်ခံအကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူတို့၏လုပ်ရပ်များမှာ ပြည်သူများအတွက် ရွံရှာစက်ဆုပ်ဖွယ်ကောင်းလှသည့် အဖျက်လုပ်ရပ်များသာဖြစ်သည်။ မသိနားမလည်သော PDF အမည်ခံလူငယ်လူရွယ်အချို့မှာ အတင်းအဓမ္မလူသစ်စုဆောင်းခံရသူများ ပါဝင်နေသည်။ ထို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်မှုများပြားလာနေပြီဖြစ်သည်။

ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသည့်အပြင် မိဘအုပ်ထိန်းသူများအား စနစ်တကျပြန်လည်လွှဲပြောင်းပေးလျက်ရှိသည့်အတွက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေကြောင်း သိရှိရသည်။ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်သည့်အပြင် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်မည်ဖြစ်သည်။ မိမိတို့၏အနာဂတ်လှပရေး၊ မိသားစုများစိတ်အေးချမ်းသာစွာနေထိုင်ရေးအတွက် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းကို လှိုက်လှဲစွာကြိုဆိုလျက်ရှိပါကြောင်းရေးသားလိုက်ရပေသည်။ ။

---

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၆၃**

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

---

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

---

## ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲ ကျင်းပမည်

ပဲခူး အောက်တိုဘာ ၂၅

ပဲခူးမြို့ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၄၄) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲကို နိုဝင်ဘာလ ၃ ရက် ညပိုင်းတွင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ မြောက်ဘက်ထောင့်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်းများကို ဂေါတမီစင်တော်၊ ယသော်ဓရာစင်တော်၊ ဝိသာခါစင်တော်၊ ရှင်စောပုစင်တော်၊ ရာဇဓာတုကလျာစင်တော်စသည့်ရက်ကန်းအဖွဲ့များက ယှဉ်ပြိုင်ရက်လုပ်မည်ဖြစ်ပြီး ရက်ကန်းစင်ငါးစင်မှ ရက်လုပ်ထားသည့် မသိုးသင်္ကန်းများအား ဒိုင်အဖွဲ့များက သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှတ်ပေးအကဲဖြတ်၍ ဆုများထိုက်ထိုက်တန်တန် ပေးအပ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဝင်ရက်ကန်းစင်များမှ ရက်လုပ်ခဲ့သည့် မသိုးသင်္ကန်းများကို တန်ဆောင်မုန်းလဆန်း ၁၅ ရက်(တန်ဆောင်မုန်းလပြည့်နေ့)နိုဝင်ဘာလ ၄ ရက် နံနက်အရုဏ်မတက်မီအချိန်တွင် တာဝန်ရှိသူများက ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ပြီး ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ မုခ်အသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များ၌ ဆက်ကပ်လှူဒါန်း(ခြုံလွှမ်း)ပူဇော်ထားရှိမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဖြိုးလင်း(၄၁၀)**

---

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၁၀-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ
၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၅ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

---

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၁၃-၇၃၉၉၈၊ ဖက်စ် ၀၁၃-၇၃၉၉၉/၀၁၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၁၃-၇၄၀၀၆၊ ၀၁၃-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၃-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်းဧက ၁၀၀ ကျော် လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဆီစားသုံးမှုဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ပန်းနှမ်းဧက ၁၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်း ၁၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီစေရေးအတွက် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ တောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒေသတွင်းစားသုံးဆီ ဖူလုံပိုလျှံစေဖို့၊ ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ရည်ရွယ်ပြီး ပန်းနှမ်း ၁၂၁ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ပန်းနှမ်းက ဒီဒေသမှာ အောင်မြင်ဖြစ်ထွန်းမှုရှိတဲ့အတွက် နှစ်စဉ် တောင်သူတွေ အားထားစိုက်ပျိုးကြပါတယ်။ ပန်းနှမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေ အခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးနည်းပညာတွေ အပြင် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရရှိအောင် ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေဖူလုံမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုကြောင့် ဒေသခံတောင်သူများက နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန် ပန်းနှမ်းကို အားထားစိုက်ပျိုးကြကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၂၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့၍ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင်လည်း သတ်မှတ်စိုက်ဧကပြည့်မီရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# တာမွေမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အောက်တိုဘာလ ၂၄ ရက်က တာမွေမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက် သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တာမွေမြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူခိုင်က မုဒိတာစကားပြောကြားပြီး တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများကို မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာမ မီမီကိုက စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေး ရှင်းလင်းဟောပြောပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကျင်းပသည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အင်္ဂလိပ်စာစကားလုံးဆက်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းကစားနည်းပြိုင်ပွဲ၊ ခွက်ထပ်ကစားနည်းပြိုင်ပွဲ၊ ဘယ်ခြေညာလက်ကစားနည်းပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ တာမွေမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက ဘက်စုံပညာကိုရည်တို့လှမ်းချီသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးဟောပြောခဲ့သည့် စာရေးဆရာမ မီမီကိုအား အမှတ်တရ လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသူများအား ထူးချွန်ဆုများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကိုလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခင်ဇံကကျေးဇူးတင်စကားပြောကြားပြီး အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများသည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ခန်းမအတွင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင် သုံးသောင်းခွဲကျော် အရောင်းအဝယ်ဖြစ်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ အောက်တိုဘာလ စတုတ္ထပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၁၁၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် သုံးသောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ အောက်တိုဘာလ ၂၁ ရက်မှ ၂၄ ရက်အထိ ငွေကျပ် ၁၁၈၀၃၃၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၅၂၀၂ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၂၄၇၀၄၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၉၃၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၅၉၀၅၃၃၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၇၂၁၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၈၀၇၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၁၀၅၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၇၅၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၂၇၇၉၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၉၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအရောင်းအဝယ်ကျဆင်းခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၃၃၇၇၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၃၅၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာ အရောင်းအဝယ်ကျဆင်းခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၂၀၈၃၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၉၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာထက်ဝက်ခန့် အရောင်းအဝယ်ကျဆင်းခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၄၁၇၅၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၂၅၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာ အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

ခန့်ခန့်



→ ရှေ့ဖုံးမှအဆက်

ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌လည်းကောင်း၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများကို မြို့တော်ခန်းမ၌လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

**❖ ကိုကိုးကျွန်းဒေသ၏ လူနေမှုဘဝများဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိ၊ ဒေသခံများအနေဖြင့်လည်း ပိုမိုတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြစေလို . . .**

**❖ မိမိဒေသမှထွက်ရှိသည့် အုန်းနှင့်အုန်းထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် ဒေသတွင်ထွက်ရှိသော သရက်၊ နာနတ်ကဲ့သို့သောသီးနှံများအား ရေရှည်ခံတန်ဖိုးမြင့် value added ထုတ်ကုန်ပစ္စည်းများအဖြစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ် . . .**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသ၏လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဒေသခံများအနေဖြင့်လည်း ပိုမိုတိုးတက်မြင့်မားအောင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိဒေသမှ ထွက်ရှိသည့်အုန်းနှင့်အုန်းထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် ဒေသတွင်ထွက်ရှိသော သရက်၊ နာနတ်ကဲ့သို့သော သီးနှံများအား ရေရှည်ခံတန်ဖိုးမြင့် value added ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ယခင်ကတည်းကပင် မြို့လယ်လမ်းတစ်လျှောက် အုတ်တံတိုင်းများကာရံခြင်း၊ မြို့ပတ်ကတ္တရာလမ်းခင်းခြင်း၊ သင်္ဘောဆိပ်ခံတံတားတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းတိုးချဲ့ခြင်း၊ ရုပ်သံလိုင်းများရရှိအောင် ဆောင်ရွက်ခြင်း၊ အသားတိုးနွားမျိုးမွေးမြူမှုများ ဆောင်ရွက်ခြင်း၊ ဆက်သွယ်မှု အဆင်ပြေစေရေးအတွက် တယ်လီဖုန်းလိုင်းများတပ်ဆင်ခြင်းတို့ကို နိုင်ငံတော်အကြီးအကဲမှဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းအတွက် အုန်းသီးအခြေခံတန်ဖိုးမြင့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ အိမ်တွင်းမှု သင်တန်းများနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့နေပြည်သူများ ဒေသဆန်ဖူလုံရေးအတွက် လယ်မြေကုန်းမြင့်လယ်မြေများ ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေရရှိရေးအတွက် လျှိုပိတ်ဆည်များ၊ ချောင်းပိတ်၊ မြောင်းပိတ်တမံအသေးစားများဆောင်ရွက်ပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ကိုကိုးပင်များ၊ အုန်းမျိုးများနှင့် ဝါးပင်များစိုက်ပျိုးနိုင်ရေးအတွက် မြေနေရာရွေးချယ်ဖော်ထုတ်ပြီး ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများဆောင်ရွက်ပေးရေး၊ သက်တမ်းရင့်အုန်းပင်များ အစားထိုးလဲလှယ် စိုက်ပျိုးရန်ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်နိုင်တစ်ပိုင် ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုကိုးကျွန်းမြို့နယ်အား ဒေသဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် ကိုကိုးကျွန်းမြို့နေ ကျောင်းသားများ ပညာရေးနှင့်ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တန်းစဉ်ကူးပြောင်းရာတွင်အောင်ချက်မြင့်မားစေရေး ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်း၍ စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ၊ စိုက်ပျိုးရေးမျိုးစေ့များ၊ သုတရသစာအုပ်စာစောင်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် MRTV DTH set top box များ၊ လှူဒါန်းပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်း နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိမှုအခြေအနေနှင့် ဒေသတွင်း သောက်သုံးရေရရှိရေး၊ ဒေသခံပြည်သူများအတွက် ရာသီမရွေး ရေချိုဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံတည်ဆောက်မည့်နေရာများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပဲခူးမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

ပဲခူး အောက်တိုဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ တိုက်နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ ရပ်ဟန်းရှင်လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေးကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာဇော်လွင်၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေ၊ ပဲခူးခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အတူ ဆေးကုသမှုလာရောက်ခံယူကြသည့်ပြည်သူများကို အားပေးစကားပြောကြားကာ အထူးကုဆရာဝန်ကြီးများက ဘာသာရပ်အလိုက်ဆေးကုသပေးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးကုသမှုလာရောက်ခံယူကြသူများကိုနေ့လယ်စာထမင်းဘူးနှင့်ရေသန့်များ ပေးအပ်ပြီး အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကူညီဆောင်ရွက်ခဲ့ကြသည့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးရာတွင် ပဲခူးမြို့ ခုတင်-၅၀၀ဆံ့အထွေထွေရောဂါကုဆေးရုံကြီးမှ ဖျားနာရောဂါ၊ ကလေး၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ အရိုးအကြော၊ အရေပြား၊ ဓာတ်မှန်၊ နားနှာခေါင်းလည်ချောင်း၊ စိတ်ကျန်းမာစသည့် ဘာသာရပ်(၁၁)ခုမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရားကြီးမြို့တိုက်နယ်ဆေးရုံနယ်မြေအတွင်းရှိ ကျေးရွာများမှ ရပ်ဟန်းရှင်လူပြည်သူစုစုပေါင်း ၅၀၀ ကျော်ကို ကြည့်ရှုကုသပေးကြပြီး အသေးစားခွဲစိတ်ကုသမှု လူနာနှစ်ဦးအား အဆိုပါဆေးရုံ၌ ခွဲစိတ်ကုသမှုဆောင်ရွက်ကာ ပဲခူးဆေးရုံကြီးတွင် ဆက်လက်ကုသရန်လူနာ ၉၅ ဦးကို လွှဲပြောင်းစေလွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ကျိုက်ဒေးယုံကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးမြို့ ရွှေအောင်ရွှေးစေတီတော်သို့ရောက်ရှိပြီး စေတီတော်မြတ်ကြီး တည်ထားရာ ကုန်းတော်ရေရှည်တည်တံ့ခိုင်မြဲစေရေးဆောင်ရွက်နေမှုနှင့် ဓာတ်လှေကားအသစ်တပ်ဆင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် အဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အဆင့်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် ဆက်လက်ကျင်းပသည်။

တက္ကသိုလ်ပေါင်းစုံ(အမျိုးသား) အုပ်စုပတ်လည်အဆင့် ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိတက္ကသိုလ်များဘောလုံးကွင်း၌ ယှဉ်ပြိုင်ကြရာ မြစ်ကြီးနားဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့က ၁ ဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း၊ ညနေ ၃နာရီခွဲတွင် ယှဉ်ပြိုင်ကြသည့် နေပြည်တော်ဇုန်အသင်းနှင့် မန္တလေးဇုန်အသင်းပွဲစဉ်တွင် ၃ ဂိုးစီဖြင့် သရေရလဒ်ဖြင့်လည်းကောင်း ပြိုင်ပွဲပြီးစီးခဲ့သည်။

အလားတူ တက္ကသိုလ်ပေါင်းစုံ (အမျိုးသမီး) အုပ်စုပတ်လည်အဆင့် ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ M3 ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကြရာ မော်လမြိုင်ဇုန်အသင်းက ရန်ကုန်ဇုန်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကြရာ ပုသိမ်ဇုန်အသင်းက နေပြည်တော်ဇုန်အသင်းကို ၂ ဂိုးပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) အုပ်စုပတ်လည်အဆင့် ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာလ ၂၆ ရက်**(ယနေ့)**တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိတက္ကသိုလ်များဘောလုံးကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မော်လမြိုင်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်း၊ မကွေးဇုန်အသင်းနှင့် တောင်ကြီးဇုန်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တက္ကသိုလ်ပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို အောက်တိုဘာလ ၃၀ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာလ ၃ ရက်တွင်လည်းကောင်း နေပြည်တော် ဇေယျာသီရိဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ တက္ကသိုလ်ပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်များကို အောက်တိုဘာလ ၃၁ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာလ ၃ ရက်တွင်လည်းကောင်း နေပြည်တော် ဇေယျာသီရိဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကော့မှူးမြို့နယ်၌ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများအရောက် စာအုပ်စာစောင်များ လိုက်လံငှားရမ်းပေး



ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားရရှိစေရန်ရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများအရောက် စာအုပ်များလိုက်လံငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ကော့မှူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကျေးရွာ/ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများအရောက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်များ၊ ကလေးစာပေများ၊ စာဖတ်သူအကြိုက် စာအုပ်စာစောင်များကို နှစ်ပတ်တစ်ကြိမ်သွားရောက်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ပေါ်၌ သုတ/ရသ စာအုပ်စာစောင် ၂၀၀၀ ကျော်ဖြင့် ကျေးရွာနေပြည်သူများ၊ ဌာနဆိုင်ရာရုံးများနှင့် ကျောင်းသား၊ ကျောင်းသူများ လွယ်လင့်တကူ လေ့လာငှားရမ်းဖတ်ရှုနိုင်ရန် အစိုးရရုံးပိတ်ရက်မှအပ လိုက်လံငှားရမ်းပေးလျက်ရှိကာ စာငှားကတ်တစ်ခုလျှင် နှစ်အုပ်နှုန်းဖြင့် ရက်သတ္တနှစ်ပတ်ကြာငှားရမ်းနိုင်ကြောင်း၊ နှစ်ပတ်ပြည့်ပါက စာအုပ်အသစ်များဖြင့် ပြန်လည်လဲလှယ်ငှားရမ်းပေးကာ အသင်းဝင်လိုသူများကိုလည်း စာငှားကတ်များ အခမဲ့ပြုလုပ်ပေးကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

# ထန်းတပင်မြို့နယ်၌ ဆင်းသုခစပါးမျိုး မိုးစပါးစံကွက်ရိတ်သိမ်း

ထန်းတပင် အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကွင်းအမှတ်(၄၅၅) ဦးပိုင်အမှတ်(၅၂/၅) ရှိ တောင်သူ ဒေါ်သောင်းရီ၏ ဆင်းသုခစပါးမျိုးစိုက်ခင်းတွင် အောက်တိုဘာလ ၂၄ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်လွင်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီဝင်များနှင့် ဒေသခံတောင်သူများတက်ရောက်ခဲ့ကြသည်။

ထို့နောက် မိုးစပါးစံကွက် သုညဒသမ ၁၀ ဧက ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးအစို ၁၃၂ ဒသမ ၅ တင်း (စပါးအခြောက် ၁၂၃ ဒသမ ၂ တင်း)ခန့် ထွက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**



# အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်

ကသာ အောက်တိုဘာ ၂၅


စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ကသာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းလုပ်ငန်းကို အောက်တိုဘာလ ၂၅ ရက်တွင် ကသာမြို့ ပတ္တမြားဈေး၌ ဆောင်ရွက်သည်။

အဆိုပါ လက်တွေ့သရုပ်ပြ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းကိုဦးက ပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှုများကို ကာကွယ်နိုင်သည့်အကြောင်းအရာများ၊ ပြန်လည်အသုံးပြုနိုင်သည့် Recycle ပစ္စည်းများနှင့် ပုပ်သိုးဆွေးမြည့်လွယ်သည့် စွန့်ပစ်အမှိုက်များ စသည့်အကြောင်းအရာများကိုဟောပြောခဲ့သည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှိုက်အမျိုးအစားခွဲခြားခြင်း၊ အမှိုက်စိုအတွက် အမှိုက်ပုံးအစိမ်းရောင်၊ အမှိုက်ခြောက်အတွက် အမှိုက်ပုံးအဝါရောင်၊ ပလတ်စတစ်အမှိုက်အတွက် အမှိုက်ပုံးအပြာရောင်၊ ဘေးအန္တရာယ်ရှိအမှိုက်အတွက် အမှိုက်ပုံးအနီရောင်တို့ကို သတ်မှတ်ပေးပြီး တက်ရောက်လာကြသော ဈေးသူ၊ ဈေးသားများက အမှိုက်ခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက ပလတ်စတစ်အစားထိုးအင်ဖက် ၃၀၀၊ စက္ကူအိတ် ၅၀ နှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ဈေးရောင်း၊ ဈေးဝယ်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**




# အောင်လံမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

အောင်လံ အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို အောက်တိုဘာလ ၂၄ ရက်က အောင်လံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းဖြင့်သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။ ဆက်လက်ပြီး အောင်လံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက အခမ်းအနားကျင်းပရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီရိအေးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ မောင်ဇွဲဇာနည်နှင့် မနန်းအိကလျာဖြိုး၊ Grade-10 မှ မောင်ဝင်းအောင်ကျော်နှင့် မယွန်းစန္ဒီဆွေတို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အခြေခံပညာမူလတန်းအဆင့်ပုံပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများ၊ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လုပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ စာအုပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

## မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခုမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပြုခြင်းမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲကျင်းပ



ပခုက္ကူ အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပခုက္ကူမြို့ အမှတ်(၁၇) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခမ်းအနားတက်ရောက်လာသူများက သက်ဆိုင်ရာခေါင်းစဉ်အသီးသီးဖြင့် အသိပညာပေး ဟောပြောကြသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသဆောင်ရွက်ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စစ်ကိုင်း | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၈၀ | ၂၇၅၀ | ၂၆၈၅ | ၂၇၉၀ | ၂၈၀၅ | ၂၈၂၀ | ၂၇၄၀ | ၄၅၀၅ | ၃၀၃၅ | ၂၇၅၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၈၅ | ၂၈၁၅ | ၃၀၇၀ |
| 95 Ron | ၂၇၆၀ | ၂၈၇၅ | ၂၈၄၀ | ၂၇၇၅ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | ၄၅၆၀ | ၃၁၂၅ | ၂၈၅၀ | ၂၉၀၀ | ၂၉၂၀ | ၂၈၈၅ | ၂၉၀၅ | ၃၁၆၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၅ | ၂၄၆၅ | ၃၀၅၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (50 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၈၃၀ | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |
| HSD (10 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | - | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၅၉၈ | ၂၆၈၄ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၇၃၂ | ၂၈၁၆ |
| HSD (10 ppm) | ၂၇၃၂ | ၂၈၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## မြန်မာ့ဂုဏ် ဇာတိဂုဏ်

* အရှေ့အနောက်၊ တောင်နှင့်မြောက်တည့်
ထက်အောက်ဝဲယာ၊ စုန်ဆန်ကာလျှင်
မြန်မာနိုင်ငံ၊ တစ်နံတစ်လျား
လှည့်လည်သွားတိုင်း
စပါးဆန်ရေ၊ ပေါပြည့်ပေလျက်
ရွှေမှုန်ငွေခက်၊ ကြဲ၍ပက်သို့
စက်စက်ဝင်းဝင်း၊ မြလယ်ကွင်းနှင့်
အိုင်အင်းတင့်တယ်၊ မြစ်ပြင်ကျယ်နှင့်
ပင်လယ်၏လှိုင်း၊ ငွေသင်တိုင်းကို
မြင်တိုင်းငဲ့မှာ၊ ကျူးရင့်ပါသည်
**"ဒါ ငါတို့ပြေ ငါတို့မြေ"။**
**"တို့ ဘိုးဘွားအမွေ အစစ်ပေ"။**

* ငါတို့မြေကား၊ တိုင်းရင်းသားတို့
ချစ်အားတူမျှ၊ ခိုလှုံကြလျက်
ဒေသမျိုးစုံ၊ လှမျိုးစုံသည်
ပန်းရုံရိပ်မှာ၊ လဝန်းသာသို့
ရိုးရာစုစု၊ ယဉ်ကျေးမှုလျှင်
နုလည်း နုယဉ်၊ လွင်လည်း လွင်သန့်
ခံ့လည်း ခံ့ညား၊ ရိုးသားသိမ်မွေ့
ဓလေ့မျိုးစုံ၊ မြင်ရတုံသော်
ရန်ခုန်မက်စွဲ၊ ပါဝင်နွဲလျက်
ရဲမာန်ဦးစွာ၊ ကျူးရင့်ပါသည်
**"ဒါ တို့လူမျိုး ဂုဏ်မညှိုး"။**
**"နှစ်ပေါင်းရှည်ကြာ ချစ်မြတ်နိုး"။**

* ဩော်...မြန်မာနိုင်ငံ
တစ်နံတစ်လျား၊ လှည့်လည်သွားသည့်
ပြည့်သားသစ္စာ၊ ပီသစွာလျှင်
**"ဒါ...ငါတို့မြေ၊ တို့ချစ်ပေသို့**
**ဒါ...ငါတို့လူမျိုး၊ တို့မြတ်နိုး၏"**
တို့မျိုးတို့ပြည်၊ အစွန့်ရှည်အောင်
တို့ပြည်ထောင်တွင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းလက်တွဲ၊ ခိုင်ခိုင်မြဲ၍
ရဲမာန်ခြိမ်းခြိမ်း၊ ဖွဲ့မာန်ဟိန်းလျက်
ထိန်းသိမ်းကွယ်ကာ၊ စောင့်ရှောက်ရာသည်
**မြန်မာ့ဂုဏ် ဇာတိဂုဏ်။**
**ပြည်တွင်းအားကို အမြဲယုံ။**
**ပြည်ထောင်စု၏ နိမိတ်ပုံ။ ။**

**မြင်းမူမောင်နိုင်မိုး**

# ရေခဲရေ သို့မဟုတ် အဆိပ်သောက်နေကြသူများ သတိပြုသင့်

သင်သည် အညောင်းအကိုက်များသည်၊ အလုပ်လုပ်ပြီးလျှင် နုံးခွေပြီး ခြေလက်မသယ်ချင်ဖြစ်သည်၊ အားနည်းပြီး အစာမကြေ၊ အစာမျိုးစုံစားသော်လည်း ခံတွင်းမတွေ့ဖြစ်သည်၊ အာခံတွင်းခြောက်သည်၊ မကြာခဏရေငတ်သည်၊ ဝမ်းချုပ်သည်၊ မျက်နှာနှင့်အသားအရေများတင်းပြီး ယားယံသည်ဆိုလျှင် တခြားရောဂါများကို မရှာဖွေပါနှင့်၊ မစဉ်းစားပါနှင့်။

သင် ရေခဲရေကြိုက်သလား။ ရေခဲရေသောက်ခဲ့သည်မှာကြာနေပြီလားဆိုသည်ကို အရင်စဉ်းစားပါ။

စာရေးသူကိုယ်တိုင်က ရေနွေးကြမ်းကြိုက်သူဖြစ်ပါသည်။ လက်ဖက်ခြောက်အမျိုးမျိုးကိုဝယ်ပြီး သောက်ခဲ့ဖူးပါသည်။ ရေနွေးကြမ်း၏ကောင်းကြောင်းကို တိုင်းရင်းဆေး ရှုထောင့်မှလည်းကောင်း၊ အနောက်တိုင်း ဆေးပညာလောကမှ သတင်းများအရလည်းကောင်း သတင်းစာ၊ ကျန်းမာရေးဂျာနယ်များတွင် ဆောင်းပါးများ ထည့်သွင်းရေးသားခဲ့ဖူးပါသည်။

ရေနွေးကြမ်းခါးခါး အဖန်ရည်ကို တစ်နေ့လျှင် ထမင်းစားပြီး တစ်ခွက်၊ နှစ်ခွက်သောက်ပေးရုံမျှဖြင့် အစာကြေကျက်အားကောင်းစေပြီး သွေးကြောအတွင်းသို့ အဆီစုပ်ယူမှုကို ဟန့်တားပေးသည်။ ပိန်ချင်သူ၊ ကိုလက်စထရောကျချင်သူများအတွက် ဆေးကောင်းတစ်လက်ဖြစ်သည်။

ရေခဲရေသောက်သူများ၏ ကိုယ်တွေ့အမှားများအကြောင်းကို တင်ပြလိုပါသည်။ ညနေဘက်အပြေးလေ့ကျင့်နေသူတစ်ဦးကို သတ်မှတ်ထားသောနေရာရောက်ချိန်တွင် ရေခဲစိမ်ရေသန့်ဘူးပေးလိုက်ရာ တစ်ရှိန်ထိုး မော့ချလိုက်ပြီးနောက် သတိလစ်လဲကျပြီး ပါးစပ်မှအမြှုပ်များထွက်လာသဖြင့် ပြင်ပဆေးရုံတစ်ခုသို့ပို့လိုက်ရသည်ဟု သိရသည်။

နေပူထဲမှပြန်လာပြီး အိမ်ရောက်သည်နှင့် ရေခဲသေတ္တာထဲမှ ရေအေးတစ်ပုလင်းထုတ်ယူကာ အားရပါးရ သောက်ချလေ့ရှိသူတစ်ဦးသည် မျက်စိများနီရဲလာပြီး ခေါင်းကိုက်လာသဖြင့် ပြင်ပဆေးခန်းတစ်ခုတွင် သွေးပေါင်ချိန်ကြည့်ရာ အပေါ်သွေး 200 mmHg တက်နေသည့်အတွက် ဦးနှောက်သွေးကြော ပေါက်နိုင်သောကြောင့် ဆရာဝန်က ဆေးရုံတက်ခိုင်းလိုက်ရသည်ဟု သိရသည်။

ရာသီဥတုပူပြင်းသဖြင့် ပြင်ပသို့ လုံးဝမထွက်ဘဲ အိမ်ထဲတွင်နေရင်း ရေခဲရေကို ခဏခဏသောက်လေ့ရှိသော မိသားစုတစ်စုရှိသည်။ သူတို့တစ်အိမ်လုံးသည် ရေခဲရေ အသောက်များသောကြောင့် မိတ်အိုင်းခေါ် မိတ်ဖု အပျဉ့်လိုက်ထွက်ပြီး နီရဲလာသည်ကိုတွေ့ရသည်။ ကလေးငယ်များသည် ရေခဲရေသောက်ပြီး ခေါင်းတွင် အပူဖုကြီးများထွက်ကာ တချို့အဖုကြီးများမှာ ပြည်တည်ပြီး အနာကဲ့သို့ဖြစ်လာသည်။

**"မြေသောက်ရေအိုးတွင် ထည့်ထားသောရေအေးသည် သာမန်ရေအေးဖြစ်သည်။ လူကိုဒုက္ခမပေးနိုင်။ ထိုရေကိုပင် အပူထဲမှပြန်လာလျှင် ချက်ချင်းမသောက်သင့်။ ချွေးသိပ်ပြီးမှ သောက်ရမည်ဟု ရှေးလူကြီးများကဆိုသည်။**

**ရေခဲသေတ္တာ၌ ထည့်ထားသောရေများ၊ Water Cooler ထဲမှရေများသည် သဘာဝလွန်ကဲသော ရေပျက်ဖြစ်သည်။ ခန္ဓာကိုယ်မှလက်ခံနိုင်သော အအေးဓာတ်ထက်လွန်ကဲသဖြင့် တုံ့ပြန်ခြင်း၊ လက်မခံဘဲ ကန်ထုတ်ခြင်း၊ တွန်းလှန်ခြင်းကို ခံရမည်ဖြစ်သည် . . ."**

ရေခဲရေကို လေဖြင့်မှုတ်ပေးသည့် ပန်ကာတစ်မျိုး (Air Cooler) ဝယ်ပြီး အသုံးပြုနေသူများမှာ မျက်နှာများရောင်အမ်းခြင်း၊ အရေပြားထူပြီး ယားနာများထွက်ခြင်းတို့ဖြစ်ကြောင်း သတိထားမိလာသဖြင့် Air Cooler ထဲသို့ ရေခဲရေ မထည့်ဝံ့ကြတော့ဘဲ ရိုးရိုးရေသာ ထည့်၍သုံးစွဲနေရသည်ဟု သုံးစွဲသူမိတ်ဆွေတစ်ဦးကပြောပြသဖြင့် သိရသည်။

ရေခဲချောင်း၊ ရေခဲထုပ်အစားများသည့်ကလေးများမှာ အပူကန်ခြင်း၊ မျက်နှာနှင့် မျက်ခွံများပေါ်တွင် မိတ်ဖုကြီးများနှင့် အနာဖုများထွက်ခြင်း၊ အစာမကြေခြင်း၊ အာသီးရောင်ခြင်းများအပြင် တချို့မှာ ရေခဲမသန့်သဖြင့် ဝမ်းကိုက်ခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းများဖြစ်ကြောင်း သိရသည်။

လျှာနှင့်အာခေါင်များတွင် အနာခွက်ချိုင့်ငယ်လေးများပေါက်ပြီး အစပ်မစားနိုင်သူများ ဆေးခန်းလာပြသည်ကို တွေ့ရဖူးသည်။ လျှာဘေးတွင် အနာဖုလေးထွက်လာသောအခါ သွားဖုံး၊ အံသွားတို့နှင့် ပွတ်တိုက်မိပြီး အနာဖြစ်လာသည်။ ထိုအနာမှာ အစက်ကလေးမှ ကျယ်ပြန့်သွားသောအခါ ချိုင့်ခွက်ကဲ့သို့ဖြစ်လာသည်။ အစာနှင့် အချဉ်အစပ်တို့ထိတွေ့လျှင် မခံနိုင်ဖြစ်သည်။ စိတ်ပင်ပန်းသူ၊ သောကများသူ၊ စာမေးပွဲနီးချိန် ကျောင်းသား၊ ကျောင်းသူများတွင် ဤပါးစပ်နာများ တွေ့ရသဖြင့် ဆရာဝန်ကြီးများက Stress Ulcer ဟု ခေါ်ကြသည်။

တိုင်းရင်းဆေးနှင့် ရိုးရာဆေးပညာအယူအဆရှုထောင့်မှကြည့်လျှင် ထိုအနာများသည် အပူကန်နာများဖြစ်သည်။ အစာအိမ်ထဲမှအပူများ အထက်သို့ ကန်တက်ပြီး ခံတွင်း၊ လျှာ၊ အာခေါင်နှင့် သွားဖုံးတို့တွင် အနာစက်များထွက်လာခြင်းဖြစ်သည်။

မိတ်ဆွေတစ်ဦးက သူ၏လျှာနှင့်သွားဖုံးတွင် မကြာခဏ အပူကန်နာများထွက်ပြီး မစားနိုင်မသောက်နိုင်ဖြစ်ရကြောင်း ပြောသည်။ ထိုသူ၏အလေ့အကျင့်ကို ကြည့်သောအခါ ထမင်းစားလျှင် ရေခဲရေပုလင်းနှင့် ရေခွက်ကို ဘေးမှာချထားသည်။ ထမင်းစားပြီးလျှင် ရေခဲရေနှစ်ခွက်ခန့် အဝသောက်ချသည်။ ဤအကျင့်ကြောင့်ပင် သူ့လျှာတွင် အပူကန်နာများ မပြတ်ထွက်နေခြင်းဖြစ်နိုင်သည်။

ထမင်းစားပြီး ရေခဲမုန့်စားကြသူများကို စားသောက်ဆိုင်ကြီးများတွင် တွေ့ရဖူးသည်။ တချို့ဆိုင်က စားသောက်သူများကို ကုန်ကျငွေရှင်းချိန်တွင် အချိုပွဲအဖြစ် ရေခဲမုန့်များ လာချပေးသည်။ တချို့အလှူများတွင်လည်း ထမင်း သို့မဟုတ် ဒံပေါက်၊ ကြက်ဆီထမင်း စသည်တို့ကို ကျွေးမွေးညှော်ခံပြီးနောက် ရေခဲမုန့်ကျွေးသည်ကိုတွေ့ရဖူးသည်။

**မီးနှင့်ရေအေးတွေ့သောအခါ**

အီဆိမ့်သောအစာများ တဝစားပြီးချိန်တွင် ရေခဲမုန့်၊ ရေခဲရေ သောက်ခြင်းမှာ အစာအိမ်မှ မီးဖိုကြီးကိုငြိမ်းပစ်သည်နှင့်အလားသဏ္ဌာန်တူလေသည်။

လူ၏အစာအိမ်တွင် ဝမ်းမီးဟုခေါ်သော အစာခြေသည့်မီးရှိသည်။ ပါဠိက တေဇောဓာတ်ဟုလည်း ခေါ်ဆိုနိုင်သည်။ ထိုဓာတ်အားကောင်းမှ ဝမ်းမီးတောက်မည်။ ဝမ်းမီးတောက်မှသာ အစာကြေမည်။ အစာကြေမှသာ ဝမ်းမှန်မည်။ ဝမ်းမှန်မှသာ အကြောအခြင်များ ပေါ့ပါးပြီး နေထိုင်ကောင်းမည်၊ ကျန်းမာမည်။ ထိုင်းမှိုင်းခြင်း၊ နောက်ကြောတက်ခြင်း၊ ဇက်ထိုးခြင်းတို့မှာ ဝမ်းချုပ်သူများတွင်ဖြစ်လေ့ရှိသော ဝေဒနာများဖြစ်သည်။ အစာကြေ၍ ဝမ်းမှန်လျှင် ညောင်းကိုက်၊ ဇက်ကြောတက်ဝေဒနာများ မဖြစ်နိုင်ပါ။

ထိုကဲ့သို့ အစာကြေကျက်စေရန် တောက်နေသောဝမ်းမီးကို ရေခဲရေ သောက်ချလိုက်သောအခါ ငြိမ်းလိုက်သည်နှင့်သဏ္ဌာန်တူလေသည်။ မီးပုံကြီးကို ရေဖြင့်လောင်းချလိုက်သောအခါ အခိုးအငွေ့များနှင့်ပြာပူများ အထက်သို့ ဝုန်းခနဲ ပျံ့လွင့်တက်သွားသည်ကို မြင်ကြည့်နိုင်ပေသည်။ ထိုအခိုးအငွေ့များသည် အစာအိမ်မှအထက်သို့တက်လျှင် လည်ချောင်းတစ်လျှောက်နှင့် အာခေါင်၊ လျှာ၊ သွားဖုံး စသည်တို့သို့ ရောက်မည်ဖြစ်သည်။

စာရေးသူကိုယ်တိုင် နေပူပြင်းပြီး မိုးလည်းမရွာ၊ မနေနိုင်မထိုင်နိုင်ဖြစ်အောင် ပူပြင်းသည့်ကာလက ဆေးခန်းမှ အိမ်ပြန်ရောက်လျှင် ရေခဲရေပုလင်းကိုယူပြီး သောက်မိသည်။ အသိတရားရှိသော်လည်း ပူလွန်း၍မနေနိုင်၊ အလွန်အရသာရှိပါသည်။ ပူပြီးမောနေသည့်အချိန် ရေခဲရေအေးအေးကို ကိုင်းဖန်ခွက်ကြီးတစ်ခွက်အပြည့် မော့ချလိုက်ရသည့်အရသာမှာ ကောင်းလှသည်။ ထိုကဲ့သို့ တစ်ပတ်ခန့် ရေခဲရေသောက်ပြီးနောက် စာရေးသူ၏လျှာဘေးတွင် အပူဖုတစ်ခုထွက်လာသည်။ ထို့နောက် အဖုကြီးလာပြီး အနာဖြစ်လာသည်။ စကားပြောသည့်အခါ သွားနှင့်ပွတ်မိပြီး စကားမပြောနိုင်၊ အစာမစားနိုင်အောင်ဖြစ်ရသည်။ ရေခဲရေ၏အကျိုးပင်ဖြစ်သည်။

ရေခဲရေသောက်ခြင်းကြောင့် ဝမ်းချုပ်ခြင်းဝေဒနာကိုပါ ခံစားရသည်။ ဝမ်းချုပ်ရုံမျှမက စမြင်းပါဖြစ်လာသဖြင့် နဂိုကရှိသော အတွင်းလိပ်ခေါင်းရောဂါမှာ ပြန်ထလာသည်။ ဝမ်းမာသောရှေ့ဆုံးအပိုင်း စမြင်းနှင့်ပွတ်တိုက်မိသောအခါ လိပ်ခေါင်းမှ သွေးကျသောဝေဒနာပါ နောက်ဆက်တွဲဖြစ်လာပြန်သည်။ ရေခဲရေသည် အစာအိမ်မှဝမ်းမီးအားကို နည်းသွားစေသဖြင့် အစာမကြေမှုသည် အစာဟောင်းအိမ်တွင် သွားစုပြီး စမြင်းဟုခေါ်သော ဝမ်းအမာအကျစ်အခဲများ ဖြစ်ရသည်။ ဝမ်းကိုခက်ခဲစွာသွားရသည်။

**အပူငြိမ်းစေသော အဖန်ရည်**

"နွေထနောင်း . . ဆောင်းမန်ကျည်း" ဟူသောစကားရှိသည်။ ရှေးလူကြီးများသည် နွေနေပူပြင်းချိန်တွင် ထနောင်းပင်အရိပ်ကောင်းကောင်းတွင် ရေနွေးကြမ်းအိုးနှင့် အညာထန်းလျက်လေးစားပြီး အပူငြိမ်းခဲ့ကြသည်။ ရေနွေးကြမ်းကို အဖန်ရည်ဟုခေါ်ပြီး ဝမ်းထဲရောက်လျှင် အပူကို ငြိမ်းစေသည်။ လေကိုလည်းကြေစေသည်။ အစာအိမ်နှင့်လည်း သင့်သည်ဟုဆိုသည်။ ရှေးလူကြီးများအဆိုအရ နွေရာသီတွင် ထနောင်းရွက်၊ ထနောင်းဖူးသုပ်စားလျှင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်သည်။ အပူငြိမ်းသည်၊ ကျောက်၊ ဝက်သက်ရောဂါများကိုပင် ကာကွယ်နိုင်သည်ဟုဆိုသည်။

ယခုခေတ်တွင် ရေနွေးကြမ်းဝိုင်းဓလေ့များသည် ပျောက်ကွယ်သလောက်ဖြစ်နေပြီး အလှူများတွင်ပင် ရေနွေးကြမ်းအိုးနှင့် လက်ဖက်ပွဲမပါတော့၊ ရေသန့်ဘူးများကိုသာ နေရာတိုင်းတွင် တွေ့နေရလေပြီ။

လူ၏အသက်သည် ဝမ်းမီးဖြစ်သည်။ အစာမကြေရောဂါ၊ ဆီးချိုရောဂါ၊ ကိုယ်တွင်းအဆီတက်သောရောဂါ၊ ကျောက်ကပ်ရောဂါတို့သည် ရေခဲရေအေးသောက်များသူတို့တွင်ဖြစ်ကြောင်း တွေ့ရသည်။

ရေခဲရေကို နေ့စဉ်သောက်သုံးနေသူများသည် ခန္ဓာကိုယ်တွင်းမှ ဝမ်းမီးကို ငြိမ်းနေသူများဖြစ်သည်။ မီးငြိမ်းသော မီးဖိုဖြင့်ချက်သောအစာသည် မကြေကျက်နိုင်သည်ကို သတိပြုမိကြရန်လိုသည်။

**မြေသောက်ရေအိုးကို သုံးစွဲပါ**

မြေသောက်ရေအိုးတွင် ထည့်ထားသောရေအေးသည် သာမန်ရေအေးဖြစ်သည်။ လူကိုဒုက္ခမပေးနိုင်။ ထိုရေကိုပင် အပူထဲမှပြန်လာလျှင် ချက်ချင်းမသောက်သင့်၊ ချွေးသိပ်ပြီးမှ သောက်ရမည်ဟု ရှေးလူကြီးများက ဆိုသည်။

ရေခဲသေတ္တာ၌ ထည့်ထားသောရေများ၊ Water Cooler ထဲမှ ရေများသည် သဘာဝလွန်ကဲသော ရေပျက်ဖြစ်သည်။ ခန္ဓာကိုယ်မှလက်ခံနိုင်သော အအေးဓာတ်ထက်လွန်ကဲသဖြင့် တုံ့ပြန်ခြင်း၊ လက်မခံဘဲ ကန်ထုတ်ခြင်း၊ တွန်းလှန်ခြင်းကိုခံရမည်ဖြစ်သည်။

ရေခဲရေကို အစဉ်သဖြင့်သောက်နေသူများကို လေ့လာကြည့်သောအခါ ခေတ္တသာရေငတ်ပြေပြီး ပြန်ပူလာခြင်း၊ မကြာခဏ ရေငတ်ခြင်း၊ အာခြောက်ခြင်း၊ အာသီးရောင်ခြင်း၊ သွားနာခြင်း၊ သွားဖုံးကြွခြင်း၊ လျှာအရသာမတွေ့ခြင်း၊ လည်ချောင်းပူခြင်း၊ နာခြင်း၊ အစာရေမျိုပြွန်ရောင်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ အစာမကြေခြင်း၊ ဖျားလျှင် အလွယ်တကူအူရောင်ခြင်း၊ အသည်းရောင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ လိပ်ခေါင်းရောဂါဖြစ်ခြင်း၊ တစ်ကိုယ်လုံးညောင်းညာကိုက်ခဲပြီး နောက်ကြောတက်ခြင်း၊ နုံးခွေခြင်း၊ မျက်စိအမြင်မကြည်လင်ခြင်း၊ ရေချိုးပြီးလျှင် မျက်စိများနီရဲခြင်း၊ ဦးခေါင်းနောက်စေ့မှ ခေါင်းကိုက်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ဦးခေါင်းပူခြင်း၊ ခန္ဓာကိုယ်တွင် ယားနာများပေါက်ခြင်း၊ အပူဖုများထွက်ခြင်းတို့ မလွဲမသွေဖြစ်နိုင်သည်။

ပူသောရာသီတွင်

- မြေအိုး၊ သဘာဝရေအိုးမှ အေးသောရေကိုသာသောက်ပါ။
- ဖြစ်နိုင်လျှင် ကျိုချက်ထားသောရေကို အအေးခံပြီး ရေကျက်အေးသောက်ပါ။
- ရေနွေးကြမ်း သို့မဟုတ် အဖန်ရည်ကို ထမင်းစားပြီးတိုင်းသောက်ပါ။
- နံနက်အိပ်ရာထ ရေမချိုးမီနှင့် ညအိပ်ရာဝင်ချိန်တို့တွင် ရေတစ်ခွက်သောက်သော အကျင့်ကိုပြုလုပ်ပါ။
- ရေခဲရေ၊ အလွန်အေးအောင်ပြုလုပ်ထားသောရေကိုရှောင်ကြဉ်ပါ။
- ထမင်းစားနေစဉ်နှင့် ထမင်းစားပြီး ရေခဲရေ တစ်ဆက်တည်းသောက်လျှင် အစာအိမ်ကို ဒုက္ခရောက်စေသည်။
- ရေခဲရေသောက်ခြင်းသည် အဆိပ်သောက်ခြင်းနှင့်တူသဖြင့် ထိုအကျင့်ကိုဖျောက်ပစ်ပါ။
- ရေကြောင့် အသက်ရှည်စေနိုင်သော်လည်း ရေခဲရေကြောင့် အသက်တိုစေနိုင်သည်ကို အထူးသတိပြုပါ။

ကြည်လွင်မြင့်(မုဒြာ)

# ပညာရေးမိသားစု ကထိန်အလှူတော်မင်္ဂလာပွဲကျင်းပ



ပင်းတယ အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယ မြို့ပေါ် ဆူးဗိုလ်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစု ကထိန်အလှူတော်မင်္ဂလာပွဲကို အောက်တိုဘာလ ၂၄ ရက်နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါ ကထိန်အလှူပွဲကျင်းပရာတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် မိဘဆရာများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအစရှိသည့်အလှူရှင်မိသားစုများထည့်ဝင်လှူဒါန်းထားကြသည့် ငွေပဒေသာပင် ၂၂ ပင်အား လှည့်လည်ပူဇော်ခြင်းကို စာသင်ကျောင်းဝင်းမှ နာဂမိဋ္ဌာန်ပုန်းတလုတ်နတ်ရေကန်မြောက်ဘက် မိန်းလမ်းတစ်လျှောက်နှင့် မြို့မဈေးပတ်လမ်းအတိုင်း သုံးကြိမ်တိုင်တိုင် ရစ်ပတ်ပူဇော်ကြသည်။

ဆက်လက်၍ ကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ပင်းတယမြို့ပေါ် ဈေးတန်းရပ်ကွက်ရှိ မဟာရန်အောင်ပရိယတ္တိစာသင်တိုက်ကျောင်းတော်ကြီး၌ ကျင်းပရာ ကထိန်အလှူသို့ တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား ရှိခိုးကန်တော့ကြပြီး မြို့နယ်သံဃနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့နယ်သံဃနာယက ဆရာတော်နှင့် ပင့်ဖိတ်၍ကြွရောက်တော်မူသော မြို့ပေါ်ကျောင်းခုနစ်ကျောင်းမှ ဆရာတော်ခုနစ်ပါး၊ မဟာရန်အောင်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညိန္ဒနှင့် ရဟန်း ၁၉ ပါး၊ ရှင်သာမဏေ ၄၀ ပါးတို့က မေတ္တာသုတ်တော်နှင့် ပရိတ်တရားတော်မြတ်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအရှင်စန္ဒောဘာသက ကထိန်အလှူပွဲဟု ခေါ်ဆိုရခြင်းအနက်အဓိပ္ပာယ်နှင့် ကထိန်အလှူတော်အကျိုးကျေးဇူးငါးမျိုး တရားတော်မြတ်တို့ကိုကိုဟောကြားပေးသည်။

ထိုသို့ ကထိန်အလှူပွဲစည်ကားသိုက်မြိုက်စွာကျင်းပနိုင်မှု အထိမ်းအမှတ်အဖြစ် ရှမ်းအိုးစည်၊ ဓနုအိုးစည်ဝိုင်းများဖြင့် တီးခတ်ကြ၍ မီးပုံးပျံကြီးများ စုပေါင်းလွှတ်တင်ပူဇော်ခြင်းများ ဆောင်ရွက်ကြကြောင်းသိရသည်။

(၄၀၅)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းမှချေးငွေထုတ်ပေး



နေပြည်တော် အောက်တိုဘာ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တက်ရှိန်းကျေးရွာအုပ်စု တက်သိမ်းကျေးရွာ၌ တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၂၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက တက်သိမ်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် စိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင်လိုက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ဒသမ ၃၀ ကို တက်သိမ်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းတို့၏ ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက တက်သိမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၉၂ ဦးကို ချေးငွေကျပ် ၂၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၂၄ ဦးကို ချေးငွေကျပ် ၆ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ ၁၂ ဦးကိုချေးငွေကျပ် ၄ ဒသမ ၉ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သူတစ်ဦးကို ချေးငွေကျပ် ငါးသိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးကို တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၃ သန်းကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်းစီ၏ လက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာကြည်မွန်ထံမှ သိရသည်။

**ချိုလေး**

**MWD Variety Channel**

၂၆-၁၀-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ဝ၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ

၂။ ၁၀:၃၀ ရောင်စုံပျံ့သင်းစာပန်းခင်း

၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်

၄။ ၁၆:၄၀ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်

# ရွှေထီးကိုမိုး

❖ တို့တောင်သူ မြေယာတစ်ဝိုက်မှာလ
ပဲပြောင်းနှမ်းဝါ နေကြာစိုက်ပါလို့
ဝေဆာလိုက်ပါရဲ့ ဖီးသန်နေ။
(အလိုဗျာ...)
ပဒေသာဆိုက်လာတဲ့ အသီးအနှံတွေ။

❖ ကြွယ်ပွားစေဖို့
တကယ်နားမနေ အားတက်ကြိုးတာကြောင့်
လယ်သမားတွေ စပါးအထွက်တိုးပြီပေါ့
အသိနိုး ခေတ်မီဉာဏ်နဲ့
နည်းသုံးမှန် အကြံတွေပွားလေတော့
သီးလုံးသန် အနှံတွေထွားတယ်လ
ဆန်ရေစပါး တောင်လိုပုံလို့
မြန်ပြေ(ပြည်)တစ်လွှား စားမကုန်ပါဘူး
ဖူလုံကာ ပိုလျှံသမျှတို့ကို
ပြည်ပမျှဝေ။

❖ စရိုက်ရိုးရာ အတွေးဖြူဖွေးတာကြောင့်
စိုက်ပျိုးရာ ဖေးကူပေးနေတဲ့
မွေးမြူရေး အားထားနေတော့
သားငါးအထွေထွေ ထွက်ကုန်အမျိုးမျိုးရယ်နဲ့
ဘက်စုံတိုး ကဏ္ဍစုံဖို့
ကြံဆပုံ အမြော်အမြင်ကြီးပါပေ့
ပျော်ရွှင်ပြီး အဆင်ပြေ
ယခင်အခြေအနေမက ဖြိုးပြီးဖြိုး။
(အလိုဗျာ...)
ဝင်ငွေတွေက တိုးပြီးတိုး။

❖ အဖိုးတန်သီးနှံ အခြေခံက
မျိုးမှန် နည်းမှန် မြေ ရေမှန်ရမှာပဲ
ဉာဏ်သုံးလို့ကြံ သတိအစဉ်ထားလေတော့
အမှန်သုံးဖို့ရန် အသိအမြင်ပွားတယ်လ
ဦးကြီးများ ဘဝသစ်တည်မည့်
အလှခေတ်ဆီ အစဉ်ရှေးရှုပါလို့
လက်မှုလယ်ယာ အခြေတည်ပြီး
စက်မှုလယ်ယာ ရွှေအမည်နဲ့
မြေမဟီ ဝေစည်ရေးကိုလ
ရေရှည်တွေး အကောင်အထည်ဖော်တော့
အောင်စည်တော် ပျော်ပျော်တီးလို့ရယ်
(အလိုဗျာ...)
ရွှေထီးကိုမိုး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်


ဂန့်ဂေါ အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို အောက်တိုဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲရန်ပိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်လွင်က အီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် ပတ်သက်သည့် ဖွဲ့စည်းတည်ဆောက်ပုံနှင့်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်လွင်က အီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်းများကို ရှင်းလင်းပြသပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲရန်ပိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းပို့ချရာ သင်တန်းနည်းပြအဖြစ် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ



လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်လွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှဦးစီးအရာရှိ ဒေါ်ဆုရည်ဖြိုးနှင့် ထီးလင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိဦးဌေးလွင်ဦးတို့က သင်တန်းအကူနည်းပြ ၁၀ ဦးနှင့်အတူ မဲရုံဝန်ထမ်းများဖြစ်သည့် သင်တန်းသား၊ သင်တန်းသူ ၇၃ ဦးကို အောက်တိုဘာလ ၂၅ ရက်မှ ၂၆ ရက်အထိ ပို့ချလျက်ရှိကြောင်း သိရသည်။

**မောင်မျိုးမင်း**

# ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၅

ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူများ မီးဘေးအန္တရာယ်မှကင်းဝေးစေရန်နှင့် မီးဘေးသတိရှိစေရန်ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာလ ၂၄ ရက်တွင် မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းဆောင်ရွက်ကြောင်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး မီးဘေးသတိရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် နေအိမ်များတွင် မီးသတိပြုရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့်မီးသတ်ဆေးဘူးများအဆင်သင့်ထားရှိရန်၊ လျှပ်စစ်မီးအသုံးပြုရာတွင်လည်း မီးဘေးလုံခြုံရေးအတွက် အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်ကြရန်စသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို မြို့ပေါ်ရပ်ကွက်နှင့် လမ်းဆုံများတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချစ်ထွေးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့်လှည့်လည်ကာ မီးဘေးအန္တရာယ်မီးသတိပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

| MWD Education, Knowledge & Sports Channel ၂၆-၁၀-၂၀၂၅(တနင်္ဂနွေနေ့) | | | | |
|---|---|---|---|---|
| ၁။ | ၀၈:၀၀ - ၁၀:၀၀ | Grade – 11 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၄:၀၀ | Grade – 11 | ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ - ၁၇:၅၅ | Grade – 11 | ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၇:၅၅ - ၁၈:၃၅ | Grade – 11 | သမိုင်း၊ ဘောဂဗေဒ |

# အခြေခံအာဟာရဆိုင်ရာ သင်တန်းပို့ချ

သံဖြူဇရပ် အောက်တိုဘာ ၂၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်သာယာရပ်ကွက် အောင်ဆန်းလမ်းရှိအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ အောက်တိုဘာလ ၂၄ ရက် နံနက်ပိုင်းတွင် အခြေခံအာဟာရဆိုင်ရာ သင်တန်းပေးခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့ WFP(World Food Programme)ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးက အသက် ခြောက်နှစ်မှ ကိုးနှစ်အရွယ် ကျောင်းသား၊ ကျောင်းသူများအား နေ့လယ်စာချက်ပြုတ်ကျွေးမွေးရာတွင် အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သောကျန်းမာရေးနှင့်ညီညွတ်စွာ ချက်ပြုတ်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပို့ချရာ တက်ရောက်လာသူများက လိုအပ်သည့်အာဟာရဖြည့်စွက်စာများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးသည်။ ထိုသို့နေ့လယ်စာချက်ပြုတ်ကျွေးမွေးရာတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့် WFP(World Food Programme) မှ ပံ့ပိုးပေးလျက်ရှိပြီး အဆိုပါနေ့လယ်စာချက်ပြုတ်ကျွေးမွေးမှုကို သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ဟံသာဝတီ)၊ အခြေခံပညာမူလတန်းကျောင်း(ဘုရားလေးဆူ)၊ အခြေခံပညာမူလတန်းကျောင်း(ဒရယ်ဖြူ)၊ အခြေခံပညာမူလတန်းလွန်ကျောင်း(အနန်းစမ်း)နှင့် အခြေခံပညာမူလတန်းကျောင်း(တရုတ်တန်း)တို့ရှိ စာသင်ကျောင်းငါးကျောင်းတို့၌ နှစ်ရက်တစ်ကြိမ်နှုန်းဖြင့် တစ်လလျှင် ၁၅ ရက် ပုံမှန်ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

(၄၀၆)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။


**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ၃၈ ဖြာမင်္ဂလာ

# ကြီးငယ်မဟူ နည်းနာယူ (နိဝါတော စ)

ကိုဇော်ဌေး(ယဉ်ကျေးမှု)

လပတ်စာမေးပွဲတွေစစ်ခါနီးတိုင်း စိုးသူတို့အိမ်မှာ သူငယ်ချင်းတစ်သိုက်စုဝေးကာ စာကျက်လေ့ရှိကြသည်။ တစ်ခါတစ်ရံတွင် မြတ်သူရောက်ရှိလာပြီး စိုးသူတို့ကိုရှင်းပြတတ်သည်။ မိမိတို့ထက်အတန်းကြီး၍ စာတော်ကာ၊ တစ်ရွာတည်းသားလည်းဖြစ်သော မြတ်သူကို စိုးသူတို့အားလုံးက ချစ်ခင်ကြလေသည်။



မြတ်သူက ပိုင်စိုးကို သင်္ချာရှင်းပြနေသည်။ ကျန်လူတွေကတော့ သင်္ချာပြန်လှန်လေ့ကျင့်ခန်းများကို တွက်နေကြလေသည်။ စိုးသူတို့အမေက ရေနွေးကြမ်းနှင့်ပဲခြမ်းသုပ်ကို ချထားပေးသည်။

ထိုအခိုက် အိမ်ပေါ်သို့ တင့်လွင်၏ညီဖြစ်သူ မြင့်လွင်တက်လာသည်ကိုမြင်သဖြင့် တင့်လွင်က

"ညီလေး ဘာလာလုပ်တာလဲ" ဟု မေးလိုက်လေသည်။ "သားတို့နဲ့ရောပြီး စာကျက်မလို့တဲ့ကွာ၊ အိမ်မှာဂျီကျနေတာနဲ့ ဖေဖေလိုက်ပို့တာ" ဟု တင့်လွင်အဖေက ခြံရှေ့မှလှမ်းပြောလာသည်။

"ဟာ...ဖေဖေကလည်း၊ ညီလေးကဆိုးပါဘိသနဲ့"

"ညီလေး...စာကျက်မှာပါကိုကိုရ"

တင့်လွင်က သူ့အဖေကိုပြန်ပြောလိုက်စဉ်မှာပင် မြင့်လွင်က စာအုပ်ကိုဖွင့်၍ စာအော်ကျက်နေလေတော့သည်။"နေပါစေကွာ" ဟု မြတ်သူက တင့်လွင်အားပြောလိုက်ပြီး စာဆက်သင်နေသည်။ မြင့်လွင်က စာကျက်လိုက်၊ ပဲခြမ်းသုပ်ကို ဇွန်းနှင့်ခပ်စားလိုက်နှင့် ပျော်နေလေသည်။

"ကိုကိုမြတ်သူက ဆရာလား"

မြင့်လွင်က စာပြနေသောမြတ်သူကို ရုတ်တရက်လှမ်းမေးလိုက်သည်။ မြတ်သူက "အခုလောလောဆယ်တော့ မင်းတို့တွေကိုစာပြနေတဲ့ဆရာပေါ့ကွာ" ဟု ပြန်ဖြေလိုက်လေသည်။

"ဆရာဆိုရင် ကြိမ်လုံးကိုင်ရမယ်"

"ဟေ... ဘယ်လို"

မြင့်လွင်စကားကြောင့် အားလုံးက စာကျက်နေရာမှ ဝိုင်း၍ကြည့်လာကြသလို၊ မြတ်သူကလည်း အံ့သြသံနှင့် ရေရွတ်လိုက်လေသည်။

"ကိုကိုမြတ်သူကြိမ်လုံးကိုင်မှ တပည့်တွေက ကြောက်မှာပေါ့၊ အခုကိုကိုမြတ်သူစာသင်နေတာက ကြမ်းပြင်ပေါ်မှာဝပ်လို့၊ ပြီးတော့ ညီလေး ညီလေးနဲ့၊ အဲသလိုဆိုတော့ သူတို့ကဘယ်လာကြောက်တော့မလဲ၊ ဆရာဖြစ်တဲ့ကိုကိုမြတ်သူကိုလည်း ဘယ်ရိုသေတော့မှာလဲ၊'

"ဗျာရယ် ... အံ့သြစရာပါလားဗျာ"

မြတ်သူက မြင့်လွင်စကားအဆုံးမှာ အာမေဋိတ်ပြုလိုက်မိသည်။ မြင့်လွင်စကားကိုကြားလိုက်ရသော ဖေဖေကလည်း ဟားတိုက်ရယ်ပါသည်။

ထိုခဏမှာပင် မြတ်သူက မတ်တတ်ရပ်လိုက်ပြီးလျှင် စိုးသူ၏ အိမ်မှာအသင့်ရှိနေသော ကျောက်သင်ပုန်းနှင့် မြေဖြူကိုကိုင်လိုက်ပါသည်။

"ကဲ ... ဒီလိုဆိုရင်ရပြီလား" ဟု မြတ်သူက မြင့်လွင်ကို မေးလိုက်သည်။

"အင်း ... ရပြီ" ဟု မြင့်လွင်ပြန်ဖြေပါသည်။

"လူဆိုးလေး" ဟု တင့်လွင်က မြင့်လွင်ကိုပြောလိုက်ချိန်ဝယ် မြတ်သူက "သူမဆိုးပါဘူးကွာ၊ သူ့အမြင်နဲ့သူပြောတာကို ငါတို့လက်သင့်ခံထိုက်တယ်၊ ငါကအကြီးပဲ၊ ငါလုပ်ချင်သလိုလုပ်မယ်ဆိုတဲ့ သဘောထက် သူ့အတွေးကိုအားပေးလိုက်တာက ပိုမကောင်းဘူးလား၊ မာန်မာနမရှိဘဲနဲ့ ရိုကျိုးစွာနေတတ်ဖို့ကလည်း လိုအပ်ပါတယ်ကွာ၊ ဒီပညာကို မြင့်လွင်က ငါတို့ကိုပေးတယ်လို့ မှတ်ယူလိုက်ပေါ့"

မြတ်သူက စကားကိုအဆုံးသတ်ရင်း ကျောက်သင်ပုန်း၌ သင်္ချာပုစ္ဆာကိုရေးနေလေသည်။ လောကဝယ် "ငါသာ-ငါ့အပြင်-ဘာမထင်" ဟူ၍ သဘောမထားဘဲ ကြီးသူငယ်သူမရွေး ရိုကျိုးစွာဖြင့် လက်သင့်ခံရမည်ကို စိုးသူတို့အားလုံး နားလည်မိပါတော့သည်။ ။

## အများပြင်ဆင်ချက်



ရွာမှာ မျိုးမျိုးနဲ့တိုးတိုးဆိုတဲ့ ညီအစ်မနှစ်ယောက်ရှိတယ်။ လူပျိုကြီး ကိုဘသစ်က အကြီးမ မျိုးမျိုးကို ကြိတ်ပိုးနေတယ်ဆိုပေမယ့် အငယ်မတိုးတိုးကို ရမယ်ဆိုရင်လည်း ပြေးထိုးလွှားထိုးယူမယ့် အစားထဲကဆိုပါတော့။ ညီအစ်မနှစ်ယောက်လုံးကလည်း တစ်မျိုးစီလှကြပေတာကိုး။

သည်နေ့မနက်တော့ဖြင့် ရွာထိပ်ကသောက်ရေကန်ကို မျိုးမျိုးတစ်ယောက် ရေခပ်လာကိုလာရမယ်လို့ ကိုဘသစ်အပိုင်တွက်ထားပြီးသား။ သည်လိုဖြစ်အောင်လည်း ညကတည်းက မျိုးမျိုးတို့အိမ်က ရေစဉ့်အိုးကို သူကိုယ်တိုင် တိတ်တိတ်လေး သွားသွန်ပစ်ထားခဲ့တာ မဟုတ်လား။ ဖယောင်းတိုင်တစ်ထုပ်ကုန်တဲ့အထိလည်း ချစ်တာတွေကို စာစီကုံးထားပြီးပြီလေ။ ဒါပေမဲ့ ဂေါ်မစွံပီပီ၊ ကိုယ်တိုင်စာလိုက်ပေးရဲတဲ့ အထိတော့ အဖြစ်မရှိရှာပါဘူး။ ဒါကြောင့်လည်း တူတော်မောင် ဝွတိုဆိုတဲ့ ချာတိတ်လေးကိုပဲ စာပေးပေးဖို့ ငါးကျပ်နဲ့စည်းရုံးပြီး ရေခပ်ဆိပ်ကနေ စောင့်ခိုင်းထားရတာပေါ့။

သူကတော့ ရေခပ်လမ်းဘေးကောက်ရိုးပုံအကွယ်ကနေ ရင်ဘတ်ဖိပြီး ဂါထာပေါင်းစုံရွတ်နေသတဲ့။ ခဏနေတော့ အနားကို ဝွတို လှစ်ခနဲရောက်လာတယ်။

"ဦးလေး...ဦးလေး၊ အခုရေခပ်လာတာ အစ်မမျိုးမဟုတ်ဘူး၊ အစ်မတိုးရယ်ဗျ၊ ဘယ်လိုလုပ်မလဲ"

"ဟာကွာ. . သည်မနက်၊ မိတိုး ပဲနှုတ်သွားမယ်လို့ ငါက သတင်းရထားတာကွ၊ ကိုင်း. . မထူးပါဘူးကွာ၊ ပေး. . အဲ့ဒီစာ ငါပြန်ပြင်လိုက်ဦးမယ်"

ဘောပင်နဲ့ရေးထားတာမို့ ပြန်ဖျက်လို့ကလည်းမရ။ နောက်တစ်စောင် ထပ်ရေးဖို့လည်း အချိန်ကမရှိ။ ကြံရာမရတဲ့အဆုံး စာအောက်ခြေကနေ နောက်တစ်ကြောင်း ထပ်ဖြည့်ရေးလိုက်ပြီး. .

"ရော့ကွာ. . အဲ့ဒီ မိတိုးကိုပဲ ပေးလိုက်တော့" တဲ့။ လူပျိုကြီး ထပ်ဖြည့်ရေးပေးလိုက်တဲ့ စာကြောင်းက. . မှတ်ချက် "မျိုး" ကို "တိုး" ဟုပြင်ဖတ်ပါတဲ့လေ။

ဖိုးစလုံး

## လူငယ်နှင့်အောင်မြင်ရေး

# ပျက်အစဉ့်ဖြင့်ခဏ

လူတို့သည် အများအားဖြင့် တစ်ခါပျက်စီးလျှင် ပြန်၍ တစ်ဖန်ထူထောင်ရန်မဆိုထားဘိ၊ သင့်လျော်ရုံမျှအခြေအနေကိုပင် ပြန်မရနိုင်ဘဲ တစ်ခါတည်း အောက်နိမ့်ရာသို့သော်လည်းကောင်း၊ စိတ်၏ကျန်းမာခြင်းရော ကိုယ်၏ကျန်းမာခြင်းပါ လုံးလုံးပျက်စီးခြင်းသို့သော်လည်းကောင်း ရောက်ကြသည်သာများလေသည်။

"ပေါ်ဝယ်"ခေါ် သူဌေးသားတစ်ယောက်သည် မိဘအမွေအနှစ်ဖြစ်သော စည်းစိမ်ဥစ္စာမြောက်မြားစွာတို့ကို ကုန်စင်အောင် သုံးစွဲပြီး လူမွဲအဖြစ်သို့ရောက်သောအခါ ခေါ်သူပြောသူမရှိသဖြင့် စိတ်နာပြီး မြို့ပြင်ရှိ တောင်ကုန်းတစ်ခု၌ထိုင်ကာ မိမိအရင်က ပိုင်ခဲ့ဖူးသည့် ခမ်းနားကြီးကျယ်သောအဆောက်အအုံကြီးများကို မြင်ကာဝမ်းနည်းပြီး "ငါ့ပစ္စည်းတွေကို ငါအကုန်ပြန်ရအောင် လုပ်မည်"ဟု စိတ်မာန်ကိုတင်းပြီး မြို့တွင်းသို့ ပြန်ဝင်ပြီးနောက် တွေ့ရာအလုပ်ကိုလုပ်လေ၏။

သာမန်လူတို့မှာ ထိုကဲ့သို့သောအခြေအနေသို့ရောက်လျှင် အသက်ကိုသော်လည်းကောင်း သတ်၍သေတတ်၏။ လုံးလုံးစိတ်ပျက်ကာ နိမ့်ကျသည့်ထက် နိမ့်ကျစွာသော်လည်းကောင်း၊ သက်လျှောစုန်ဆင်းဖို့သာရှိလေသည်။ ၎င်းတို့ကဲ့သို့သော သူဌေးဖြစ်ရာမှမွဲပြီး မိမိပိုင်ခဲ့ဖူးသော အဆောက်အအုံများ ဝင်းထိန်တောက်ပ၍နေသည်ကို အမှောင်ထဲမှနေ၍ ရှုမျှော်ကာ ကူလီဆင်းရဲသားအလုပ်ကို လုပ်ရလျှင် စိတ်ပျက်အားငယ်ခြင်းဖြစ်သဖြင့် အလုပ်ကိုလုပ်နိုင်ရန် စိတ်အားရှိတော့မည်မဟုတ်ပေ။

၎င်းလူမှာ ထိုကဲ့သို့မဟုတ်၊ "ငါမိုက်လို့ ဆုံးခဲ့ရသည်။ ငါပူ၍နေသည့်အတွက် တစ်စုံတစ်ရာမျှ ပြန်ရမည်မဟုတ်၊ ငါလုပ်မှ ငါ့ပစ္စည်းများကိုပြန်၍ရမည်" ဟူသော စိတ်ကိုတင်းကာ ကြိုးစား၍သာလုပ်လေရာ ကူလီအလုပ်ဖြင့် ငွေစကြေးစ အနည်းငယ်ပြန်၍ရပြီးနောက် အရောင်းအဝယ်အလုပ်များကို အသေးအဖွဲ့မှစ၍လုပ်ရာ တစ်ဖန် တစ်စတစ်စ ပြန်၍ကြီးပွားပြီး မိမိပစ္စည်းဟောင်းများကို မကြာမီ၊ မသေမီ ပြန်၍ရခဲ့လေသည်။

ဤကဲ့သို့သောလူများမှာ ဥရောပ၊ အမေရိကနိုင်ငံများ၌ ယခုပင်ရှိသေး၏။ အများစုမှာကား ဤကဲ့သို့ပျက်စီးလျှင် ကံအကြောင်းတရားပဲ။ ဤမျှလောက် ကြီးမားတဲ့ပစ္စည်း အစုအပုံကြီး တစ်ခုလုံးတောင်မှ ပျက်စီးခဲ့ရမှဖြင့် ဒီဘဝမှာ ဆင်းရဲဇာတာပါလို့ပဲ။ ပြန်၍လုပ်ပေမယ့် ရမှာမဟုတ်ဘူးဟု အောက်မေ့ကာ စိတ်ကိုလုံးလုံးကြီး လျှော့တတ်ကြလေသည်။

ငွေကြေးဥစ္စာသည် လွန်စွာတန်ခိုးကြီး၏။ သို့ပင် တန်ခိုးကြီးသော်လည်း လူလုပ်လျှင်ရနိုင်ကြောင်း၊ ဒိဋ္ဌလမ်းကြောင်းတွေ အထင်အရှားရှိပါလျက် ကံထူးသူများမှာသာ ရနိုင်လေသည်ဟု စွဲမှတ်ကာ စိတ်လျှော့တတ်ကြလေသည်။

စိတ်ကို အမှန်မလျှော့လျှင် အရှိန်ပြန်၍ရနိုင်လေသည်။ ပျားများမှာ လူများကဖွပ်သော်လည်း ကံကိုမတွေး၊ မဖြစ်နိုင်ဟူသောစကားကိုမသိ။ လုပ်လျှင် ပြန်၍ဖြစ်သည်ဟူသော အစွဲတစ်ခုတည်းကိုထားပြီး ပျက်စီးသောအံ့ကို ပြန်၍ဖြစ်အောင် လုပ်ကြသဖြင့် ပြန်၍ရကြလေသည်။

လုပ်ကိုင်ကြံစည်၍မဖြစ်ကြသည်မှာ အများအားဖြင့် စိတ်လျှော့ခြင်းကြောင့်လည်းကောင်း၊ ကြီးမားမြားမြောင်သော ဥစ္စာပစ္စည်းတို့ကို တစ်ချက်တည်း လျင်မြန်စွာရလိုသော လောဘကြောင့်လည်းကောင်း ပြန်၍မရဘဲ နေကြရလေသည်။ တဖြည်းဖြည်း ပြန်၍ထူထောင်လုပ်ကိုင်လျှင် ရနိုင်ဖို့ နည်းလမ်းရှိကိုရှိရမည်ဟူသော ခိုင်မာသည့်စိတ်နှင့်လုပ်ချေက ဧကန်ရကြမည်ကား ဓမ္မတာဖြစ်လေရာ လူမသေ၊ ငွေမရှားဟူသော စကားအရ လူမသေဖို့သာလိုလေရာ မသေမူ၍ ရှာလျက်ရှိနေသမျှကာလပတ်လုံး မှန်မှန်ကြီးရလျက် တိုးတက်၍သာရှိစေနိုင်သော ကျိန်းသေအရောင်းအဝယ်အလုပ်တွေ များစွာရှိကြလေသည်။

ကြီးပွားလိုသူတို့၏စိတ်၌ ပစ္စည်းတွေ ထောင်ပုံ၊ သောင်းပုံ၊ သိန်းပုံ၊ သန်းပုံတွေ တွေး၍ လေထဲမှာ တိုက်အိမ်မဆောက်ကောင်းပေ။ ထိုတိုက်အိမ်များမှာ ကြီးကျယ်လွန်းသဖြင့် ဖြစ်မှာမဟုတ်ပါဘူး ဟူသော ကြောက်စိတ်ကို ပေါ်ပေါက်စေတတ်လေသည်။ ထိုကဲ့သို့ အကြီးအကျယ်အတွက် မကြံမူ၍ တစ်နေ့ထက်တစ်နေ့ တစ်ပဲ၊ နှစ်ပဲ၊ နက်ဖြန်လေးပဲဖြစ်မှာပဲ။ လေးပဲရလျှင် ငါးမူးဖြစ်ဖို့ မခဲယဉ်းဘူးဟူသော အနုစိတ်၊ အသေးစိတ်ကိုတွေးကာ လက်ရှိအမြင်ကို တိုးပွားအောင်လုပ်လျှင် မသေမပျောက်က တိုးပွားရမည်ဖြစ်လေသည်။

မရှိသောတိုက်ကြီးကို လေထဲ၌ ဆောက်၍နေချေက အဘယ်မှာ အုတ်မြစ်ကို အဘယ်ပုံချရမည်မသိသဖြင့်တစ်ကြောင်း၊ ကြီးလွန်းသဖြင့် အားလျှော့၍လည်းကောင်း၊ စိတ်ထဲမှာသာ ဆောက်ဖြစ်လျက် လက်ကမရောက်၊ အထည်ကိုယ်မပေါ် အိပ်မက်ကဲ့သို့သာဖြစ်၍ နေဖို့ရှိပေသည်။ သို့ဖြစ်လေရာ စိတ်မပျက်သမျှ အဘယ်အခါမျှ လုံးလုံးကြီးမပျက်တတ်ပေ။ တိုးရမည်ဟူ၍သာ အမြဲပုံသေယုံကြည်အပ်ကြပေသတည်း။

**ဆရာကြီးပီမိုးနင်း၏ "သုခချမ်းသာစိတ်ပညာ" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

ပီမိုးနင်း

# မှော်ဘီမြို့နယ်နှင့်အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရှမ်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းကုန်းပရိယတ္တိစာသင်တိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၇ ပါးနှင့် ဒေသခံပြည်သူ ၁၃၇ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ သံဃာတော် ၁၈ ပါးနှင့် ဒေသခံပြည်သူ ၂၃၉ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကျွန်းစုမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ကျွန်းစု အောက်တိုဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ ကပကျေးရွာအုပ်စု ကပကျေးရွာ (Smart Village)၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြိတ်ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို အောက်တိုဘာလ ၂၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။



ထို့နောက် တာဝန်ရှိသူတစ်ဦးက သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဒေသနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး သင်တန်းသားများအနေဖြင့် လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန်၊ တစ်နိုင်တစ်ပိုင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများမှသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# သထုံမြို့ အခြေခံပညာအထက်တန်းကျောင်း (နောင်ကုလားရှမ်းရွာ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**သထုံ အောက်တိုဘာ ၂၅**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းကို အောက်တိုဘာလ ၂၄ ရက်က သထုံမြို့ အခြေခံပညာအထက်တန်းကျောင်း (နောင်ကုလားရှမ်းရွာ)နဝရတ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း (နောင်ကုလားရှမ်းရွာ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်တင်တင်ထွေးက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာသာမက ပြင်ပစာအုပ်စာပေတို့ကိုလေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာစေရေး အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း (နောင်ကုလားရှမ်းရွာ)မှ Grade–11၊ Grade –10 နှင့် Grade–9 ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာဖတ်ခြင်း၊ ကျွန်ုပ်အနှစ်သက်ဆုံး စာအုပ်တစ်အုပ် ခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများက ဖြေကြားပေးခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စကားဝိုင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ စာအုပ်စာပေများ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**



# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အောက်တိုဘာလ ၂၄ ရက်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်တိုင်း လူတို့၏အသက်အိုးအိမ်စည်းစိမ်များပျက်စီးစေပြီး မူလအခြေအနေသို့ရောက်ရှိရန် ပြန်လည်ထူထောင်ရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးကြောင်း၊ သဘာဝဘေးအန္တရာယ် မကျရောက်မီကပင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ လူသားတို့၏စည်းကမ်းမဲ့လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးလာသဖြင့် ရာသီဥတုများပြောင်းလဲလာပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာကြောင်းနှင့် သဘာဝဘေးအမျိုးအစားများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သဘာဝဘေးအန္တရာယ်များအတွက် ဆုံးရှုံးမှုသက်သာစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ စသည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ/ရသစာအုပ်စာစောင်များ ပြသထားရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# အနာဂတ်အရေးတွေးဆလို့ ပညာရေးကိုအားပေးစို့

မောင်မောင်လွင်(ရွှေဘိုသား)

လူသားတို့၏ကြီးမားသော အောင်မြင်မှုသုံးခုရှိသည်ဟုဆိုသည်။ ထိုသည်တို့မှာ (၁)မီးကိုအသုံးပြုတတ်ခြင်း၊ (၂)ရှာဖွေစားသောက်မှုမှကုန်ထုတ်လုပ်မှုသို့လုပ်ဆောင်လာခြင်း(ကိုယ်တိုင်စိုက်ပျိုးခြင်း၊ မွေးမြူခြင်း)၊ (၃)စကားအရာကို စာပေအဖြစ်ဖန်တီးလာခြင်းတို့ပင်ဖြစ်သည်။ ထိုသုံးမျိုးအနက် စကားအရာကို စာပေအဖြစ်ဖန်တီးထွန်းကားလာခြင်းသည် လူသားတို့၏ယဉ်ကျေးမှုနှင့်နေထိုင်မှုကို ပြောင်းလဲတိုးတက်လာစေခဲ့သည်။ လုပ်ဆောင်ခဲ့သမျှကို နောင်လူတို့အတွက် ကျောက်ထက်အက္ခရာရေးသားပြီး မှတ်တမ်းတင်ခဲ့ကြသည်။ ထိုသို့မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြင့် နောင်လူတို့က တစ်ဆင့်မြှင့်ပြောင်းလဲတီထွင်ကြံဆလုပ်ဆောင်ကြသည်။ ထို့ကြောင့် ကြေးခေတ်၊ သံခေတ်မှသည် စက်မှုခေတ်သို့ပြောင်းလဲလာခဲ့ပြီး ယခုအခါ အတိုင်းအဆမရှိသော နည်းပညာခေတ်ကြီးအဖြစ် တစ်ဟုန်ထိုးတိုးတက်လာခဲ့ခြင်းပင်ဖြစ်သည်။

စာပေမထွန်းကားမီကာလများတွင် လူသားတို့သည် အတွေ့အကြုံမှ ဆင့်ပွားဖန်တီးကြသဖြင့် တိုးတက်မှုအဟုန်နှောင့်နှေးခဲ့သော်လည်း စာပေထွန်းကားလာသည်နှင့်အမျှ တိုးတက်မှုအဟုန်ကောင်းမွန်လာကြောင်း ရှေးဟောင်းကျောက်စာများနှင့်အဆောက်အအုံတို့က သက်သေတည်နေပေသည်။

ယနေ့နည်းပညာခေတ်ကြီးတွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုဘဝမြင့်မားတိုးတက်လာစေရေးအတွက် လူသားအရင်းအမြစ်ပြည့်ဝစွာရရှိရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းကြလျက်ရှိသည်။ လူသားအရင်းအမြစ်ဟုဆိုရာတွင် ကျန်းမာရေးသည် အခြေခံအုတ်မြစ်ဖြစ်ပြီး ပညာရေးသည် အညွန့်ပင်ဖြစ်၏။ ထို့ကြောင့် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍကို အစွမ်းကုန်မြှင့်တင်ပေးလျက်ရှိကြသည်။

ကျွန်ုပ်တို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးမှုကာလသည် နှစ်ပေါင်း ၁၀၀ ကျော်ကျရောက်ခဲ့ရသဖြင့် ပညာရည်နိမ့်ပါးခဲ့ရသည်။ လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်းသောင်းကျန်းမှုများကြောင့် ပညာရေးကဏ္ဍသည်လည်း အညွန့်တလူလူ မတက်နိုင်ခဲ့ချေ။ ပြည်တွင်းသောင်းကျန်းမှုကာလအလွန်တွင် စာမတတ်သူပပျောက်ရေး ရည်မှန်းချက်ဖြင့် ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ အခြားသော စေတနာ့ဝန်ထမ်းလူငယ်များက မြို့ပြမှအစ ကျေးလက်အထိ စာမတတ်သူများကို “အ”သုံးလုံးမှစ၍ စာပေများသင်ကြားပေးခဲ့ကြသည်။ လွတ်လပ်ရေးဆုံးရှုံးစဉ်ကာလနှင့် ပြည်တွင်းသောင်းကျန်းမှုများကြောင့် ကျောင်းမနေခဲ့ရသည့်သူများစွာရှိခဲ့သည်။ ထိုခေတ်ကာလများက ကျေးရွာသုံးရွာပေါင်းလျှင် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းမျှသာရှိသည်ဖြစ်၍ စတုတ္ထတန်းအောင်မြင်သည့်အခါ မြို့ပေါ်ရှိ အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းသို့ပင်ပန်းကြီးစွာ တက်ရောက်ခဲ့ကြသဖြင့် အများစုမှာ ပညာရေးကိုကျောခိုင်းခဲ့ရသည်။ “သေစာ၊ ရှင်စာ တတ်ရင် တော်ပြီပေါ့”ဟူသည့်စကားသည် ထိုခေတ် လူကြီးများ၏နှုတ်ဖျားတွင် စွဲနေတော့သည်။ ထိုသည်မှာ အထက်တွင် တင်ပြခဲ့သလို သူ့ကျွန်လက်အောက်ကျရောက်ခဲ့ရခြင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့၏ဆိုးကျိုးပင်ဖြစ်တော့သည်။

မြန်မာ့သမိုင်းတွင် မင်းတုန်းမင်းတရားကြီးလက်ထက် ကနောင်မင်းသားကြီးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆုံးရှုံးသွားသည့် အောက်မြန်မာပြည်အား ပြန်လည်သိမ်းယူရန်အတွက် ဦးစွာ စက်မှုနိုင်ငံဖြစ်ရမည်ဟူသည့်အချက်ကို ကောင်းစွာနားလည်ထားသူဖြစ်သည်။ ထို့ကြောင့် လူငယ်များကို နိုင်ငံခြားသို့ ပညာတော်သင်စေလွှတ်ခဲ့ပြီး စက်ရုံပေါင်းများစွာ တည်ဆောက်ခဲ့သည်။ ဤသည်ကို နယ်ချဲ့အင်္ဂလိပ်ကသိမြင်ပြီး တတိယအကြိမ် မတရားကျူးကျော်စစ်ဆင်နွှဲကာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူလိုက်သည်။ ပညာရေးတွင် နောက်ကျခဲ့သည့်အတွက် ကမ္ဘာကြည့် မရှုမြင်နိုင်ခဲ့ကြသောကြောင့် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်မည့် ခေတ်မီတပ်မတော်တစ်ရပ် မတည်ထောင်နိုင်ခဲ့သဖြင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာတစ်မျိုးသားလုံး သင်ခန်းစာယူရမည်ဖြစ်သည်။

**ယနေ့ကမ္ဘာကြီးသည် နည်းပညာအခြေပြုတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် နယ်ပယ်အသီးသီး၏စိန်ခေါ်မှုများစွာသက်ရောက်လျက်ရှိသည်။ နည်းပညာမြင့်မားလာသည်နှင့်အမျှ စိန်ခေါ်မှုတို့သည်လည်း တစ်စတစ်စကြီးမားလျက်ရှိသည်။ မနက်ဖြန်ဟူသည့်အနာဂတ်တွင် စိန်ခေါ်မှုများသည် မည်မျှအထိ ကြီးမားမည်ကို မခန့်မှန်းနိုင်လောက်အောင်ဖြစ်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ပစ္စုပ္ပန်စိန်ခေါ်မှုများကိုရင်ဆိုင်လျက် မခန့်မှန်းနိုင်သည့်အနာဂတ်စိန်ခေါ်မှုများဖြေရှင်းရန် “ပညာရေးကဏ္ဍ”သည်သာဖြစ်ကြောင်း သိမြင်ကြသည့်အတွက် ပညာရေးကိုအားပေးမြှင့်တင်လျက်ရှိကြသည်။**

“အစကောင်းမှ အနှောင်းသေချာမည်”ဟူသည့်စကားရှိသည်။ “အစ”ဟူသည် အခြေခံကိုရည်ညွှန်းခြင်းပင်ဖြစ်သည်။ ယနေ့ပညာရေးတွင် “အခြေခံပညာမူလတန်းကျောင်း”၊ “အခြေခံပညာအလယ်တန်းကျောင်း”၊ “အခြေခံပညာအထက်တန်းကျောင်း”ဟူ၍ရှိသည်။ အခြေခံကောင်းဖို့ တစ်ဆင့်ပြီးတစ်ဆင့်တက်ရသည်။ အခြေခံအောင်မြင်ပြီးသောအခါ အဆင့်မြင့်ပညာသင်ယူရန်အတွက် တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပညာဆည်းပူးကြရပြန်သည်။ စင်စစ်အခြေခံပညာရေးနှင့် တက္ကသိုလ်မှ သင်ယူခဲ့သော ပညာရပ်များသည် ရှေးပညာရှိကြီးများသိရှိထားသည့်ပညာရပ်များကို ပြန်လည်မျှဝေထားသည့်အတိုင်းအတာတစ်ခုမျှသာဖြစ်သည်။ ထို့ကြောင့် အခြေခံပညာအောင်မြင်ရုံဖြင့် ပညာတတ်ပြီဟု မဆိုနိုင်သလို ဘွဲ့ရရှိသောအခါ ပညာပြည့်စုံပြီဟုလည်း မှတ်ယူ၍မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ပညာဟူသည် အကျယ်အဝန်းနှင့်အနက်အတိုင်းအတာမရှိခြင်းကြောင့်ဖြစ်သည်။

ပညာဆည်းပူးရာတွင် ဖွဲ့၊ လုံ့လ၊ ဝီရိယရှိရမည်။ ရောင့်ရဲတင်းတိမ်မှုထက် ဆက်လက်စူးစမ်းလေ့လာမှုရှိရမည်။ ပညာရေးတွင် ရောင့်ရဲတင်းတိမ်မှုသည် သက်လုံမကောင်းသည့်အားကစားသမားနှင့်တူပေသည်။ ထိုသည်ထက် ပိုမိုဆိုးရွားသည်မှာ ပညာဆည်းပူးချိန်တွင် နိုင်ငံရေးမှိုင်းတိုက်ခံရခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို အထူးရှောင်ရှားရန်လိုအပ်သည်။ ကျွန်ုပ်တို့နိုင်ငံ၏ဖြတ်သန်းလာခဲ့သည့်သမိုင်းကြောင်းတွင် နိုင်ငံရေးမှိုင်းတိုက်ခံရသဖြင့် လူငယ်အချို့လမ်းမှားရောက်ခဲ့ကြပြီး ဘဝဇာတ်သိမ်းမလှခဲ့ကြသည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။ မိဘ၊ ဆရာတို့၏သွန်သင်ဆုံးမမှုကိုနာယူ၍ ပညာဆည်းပူးရမည်သာဖြစ်သည်။ လူငယ်ဟူသည် စူးစမ်းလိုစိတ်၊ မိမိအစွမ်းကိုထုတ်ပြလိုစိတ်နှင့်အတူ စိတ်ခံစားချက်ထိရှလွယ်သည့် အရွယ်ဖြစ်သည်။ စူးစမ်းလိုစိတ်သည် ကောင်းမွန်သည့်စရိုက်လက္ခဏာဖြစ်သော်လည်း ကိုယ်တိုင်မစူးစမ်းမီ ဘဝအတွေ့အကြုံရင့်ကျက်နေပြီဖြစ်သည့် မိဘ၊ ဆရာတို့အား ဦးစွာမေးမြန်းရမည်။ လူငယ်အများစုသည် မိမိ၏အစွမ်းအစကို ထုတ်ပြလိုစိတ်ရှိကြသည့်အကြောင်းအရင်းနှစ်ရပ်ရှိသည်။ ထိုသည်မှာ မိမိ၏စွမ်းရည်ကို ကိုယ်တိုင်သိလိုစိတ်နှင့် မခံချင်စိတ်တို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် ပညာဆည်းပူးချိန်တွင် “မိမိသည် နုနယ်သည့် အညွန့်အဖူးလေးသာဖြစ်သည်”ကို အစဉ်သတိချပ်ရမည်ဖြစ်သည်။

“ငွေသည် ဒုတိယဘုရားသခင်”ဟု ဆိုကြသည်။ အရင်းရှင်ပဒေသရာဇ်ခေတ်က ထိုစကားသည် မှန်ကောင်း မှန်နိုင်သော်လည်း ယနေ့နည်းပညာခေတ်တွင် လုံးဝ(လုံးဝ)မှားယွင်းလွဲချော်သွားပြီ။ လူမှုအသိုက်အဝန်းတွင် ဥစ္စာချမ်းသာသူနှင့်ပညာတတ်သူကို လေးစားကြသည်။ ထိုသူနှစ်ဦးအနက် ဥစ္စာချမ်းသာသူသည် ပညာတတ်သူကိုလေးစားသည်။ အဘယ်ကြောင့်ဆိုသော် ဓနဥစ္စာသည် အစိုင်အခဲမျှသာဖြစ်ပြီး ပညာဟူသည် ဆုပ်ကိုင်၍မရ။ သို့သော် လမ်းညွှန်ပေးနိုင်သည့်ဒုတိယဘုရားသခင်ဖြစ်သည်။ မြင့်မားသည့်နည်းပညာပိုင်ဆိုင်နိုင်ရေး ပြိုင်ဆိုင်လျက်ရှိသည့် ယနေ့ခေတ်တွင် ဓနအင်အားကြီးမားသော်လည်း နည်းပညာအားနည်းသဖြင့် ကာကွယ်ရေးစွမ်းပကားနိမ့်ကျသည့်နိုင်ငံများစွာလည်းရှိနေကြသည်ကို သတိပြုမိပါလိမ့်မည်။ အင်အားကြီးသူက အားနည်းသူအပေါ် ဗိုလ်ကျစိုးမိုးခြယ်လှယ်လိုသော ယနေ့ခေတ်တွင် နည်းပညာမြင့်မားမှုနှင့် ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ထားနိုင်မှုတို့သည် “အင်အား”တစ်ရပ်ဖြစ်နေတော့သည်။ ထို့ကြောင့် နည်းပညာခေတ်ကြီးတွင် နိုင်ငံတော်၏လွတ်လပ်ရေးအချုပ်အခြာအာဏာနှင့်ပြည်သူတို့၏လူမှုဘဝလုံခြုံရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိကြသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

မြန်မာမှုနယ်ပယ်တွင် “အကြံတူလျှင် နောက်လူသာရမည်”ဟူသည့်စကားရှိသည်။ ဆိုလိုသည်မှာ ရှေ့လူ၏လစ်ဟာမှုကို သိမြင်ခြင်းနှင့် မိမိကအချိန်ပိုရသည့်အတွက် ပိုမိုကြိုးစားခွင့်ရရှိခြင်းပင်ဖြစ်သည်။ အောင်မြင်ကျော်ကြားကြသော ပုဂ္ဂိုလ်တို့သည် ရှေးလူတို့(စွန့်ဦးတီထွင်သူတို့)ရှာဖွေတွေ့ရှိခဲ့သော ပညာရပ်များကို ကောင်းစွာလေ့လာသင်ယူခဲ့ပြီး ဆက်လက်စူးစမ်း ရှာဖွေဖော်ထုတ်ခဲ့ကြသည်။ တီထွင်မှုပေါင်းများစွာကို မှတ်ပုံတင်နိုင်ခဲ့သည့် သိပ္ပံပညာရှင်သောမတ်အယ်လ်ဗာအက်ဒီဆင်(Thomas Alva Edison)ဆိုသူအား ကြားဖူးပါလိမ့်မည်။ အက်ဒီဆင်က “ကျွန်တော်ဟာ ရှေ့ကလူ ချထားခဲ့တဲ့နေရာက ပြန်စပြီးလုပ်တာများပါတယ်။ ထုတ်ယူဆင်ခြင်နည်းကို အသုံးပြုတာပေါ့ဗျာ၊ ကျွန်တော်လုပ်ခဲ့တဲ့အလုပ်တွေရဲ့ရလဒ်က ရိုးရိုးရှင်းရှင်းလေးတွေပါပဲ”ဟုဆိုခဲ့သည်။ လေယာဉ်ကိုစတင်တီထွင်ခဲ့ကြသည့် Wilbur Wright နဲ့ Orville Wright ကျေးဇူးကြောင့် ယနေ့အမျိုးမျိုးသော မျိုးကွဲအဆင့်မြင့်လေယာဉ်များ တီထွင်လာနိုင်ခြင်းဖြစ်သည်။

ယနေ့ကမ္ဘာကြီးသည် နည်းပညာအခြေပြုတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် နယ်ပယ်အသီးသီး၏စိန်ခေါ်မှုများစွာသက်ရောက်လျက်ရှိသည်။ နည်းပညာမြင့်မားလာသည်နှင့်အမျှ စိန်ခေါ်မှုတို့သည်လည်း တစ်စတစ်စကြီးမားလျက်ရှိသည်။ မနက်ဖြန်ဟူသည့်အနာဂတ်တွင် စိန်ခေါ်မှုများသည် မည်မျှအထိ ကြီးမားမည်ကို မခန့်မှန်းနိုင်လောက်အောင်ဖြစ်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ပစ္စုပ္ပန်စိန်ခေါ်မှုများကိုရင်ဆိုင်လျက် မခန့်မှန်းနိုင်သည့်အနာဂတ်စိန်ခေါ်မှုများဖြေရှင်းရန် “ပညာရေးကဏ္ဍ”သည်သာဖြစ်ကြောင်းသိမြင်ကြသည့်အတွက် ပညာရေးကိုအားပေးမြှင့်တင်လျက်ရှိကြသည်။ ပိုမိုကောင်းမွန်ပြီး ထိရောက်သည့်နည်းလမ်းများကို ရှာဖွေကြသည်။ မသင်မနေရ အခမဲ့ပညာရေးစနစ်ဖြင့် စိန်ခေါ်မှုများအတွင်းသို့ ရဲရဲဝံ့ဝံ့တိုးဝင်ခုတ်မောင်းလျက်ရှိကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့မြန်မာပြည်သူတစ်ရပ်လုံးသည် လည်း မိမိတို့၏သားသမီးများအပေါ် သက်ရောက်လာမည့် အနာဂတ်စိန်ခေါ်မှုများကို တွေးဆ၍ သားသမီးတို့၏ပညာရေးအားပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

| မြဝတီရုပ်မြင်သံကြား အစီအစဉ် ၂၆-၁၀-၂၀၂၅(တနင်္လာနေ့) | | | |
|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | |
| ၂။ | ၀၇:၁၅ | မေတ္တာပို့ | |
| ၃။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | |
| ၄။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | |
| ၅။ | ၁၁:၀၀ | အတွေးအမြင် | |
| ၆။ | ၁၇:၀၀ | သုတရသစုံလင်ဗဟုသုတပုံပြင် | |
| ၇။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | |
| ၈။ | **၁၈:၃၀** | **ပြည်သူ့ကြားကပြည်သူ့စကား** | |
| ၉။ | **၁၉:၀၀** | **CGTN Nature အပိုင်း(၁၂)** | |
| ၁၀။ | **ည ၈ နာရီ** | ကမ္ဘာ့ရေးရာမှတ်သားစရာ | |
| ၁၁။ | **သတင်း** | ပန်းပေါင်းစုံစွာအနုပညာ | |
| ၁၂။ | **အပြီး** | မြဝတီရုပ်မြင်သံကြားသတင်း | |

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း


- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၄˚c |
| ရန်ကုန် | ၂၃˚c | / | ၃၄˚c |
| မန္တလေး | ၂၃˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဘက်စုံသုံးအင်ဂျင်အမျိုးမျိုးနှင့် Generator များ ထုတ်လုပ်သည့်စက်ရုံများ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုလေ့လာ



နေပြည်တော် အောက်တိုဘာ ၂၅

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဘက်စုံသုံးအင်ဂျင်အမျိုးမျိုးနှင့် Generator များထုတ်လုပ်သည့်စက်ရုံများသို့ သွားရောက်လေ့လာသည်။

ယင်းသို့သွားရောက်လေ့လာရာ စက်ရုံရှိ တာဝန်ရှိသူများက ထုတ်လုပ်ပြီး အစိတ်အပိုင်းအလိုက် တပ်ဆင်နေမှု၊ အပြီးသတ်ထုတ်ကုန်များ စမ်းသပ်စစ်ဆေးနေမှု၊ အသုံးပြုပြီးအင်ဂျင်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ အသုံးပြုသူ User များ၏ လိုအပ်ချက်အပေါ် မူတည်၍ မော်တော်ယာဉ်၊ ရေယာဉ်နှင့် Generator များတွင် တပ်ဆင်အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည့် မြင်းကောင်ရေအမျိုးမျိုးရှိ အင်ဂျင်များ၊ မက်သနောအသုံးပြုအင်ဂျင်များ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များ၊ အဆိုပါအင်ဂျင်များနှင့် တွဲဖက်အသုံးပြုနိုင်သည့် Generator များနှင့် ၎င်းတို့၏ စွမ်းဆောင်ရည်များအား စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက နည်းပညာလွှဲပြောင်းရယူ၍ မိမိတို့၏စက်ရုံများတွင် တပ်ဆင်ထုတ်လုပ်လိုမှု အခြေအနေ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့်အခြေအနေ၊ မိမိတို့၏ဝန်ထမ်းများအား စက်ရုံများသို့ စေလွှတ်၍ လုပ်ငန်းခွင်သင်တန်းအမျိုးမျိုးအား လက်တွေ့သင်ယူလိုမှုအခြေအနေများအား မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိသော ဒီဇယ်အင်ဂျင်များ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များ၊ အဆိုပါအင်ဂျင်များနှင့် တွဲဖက်အသုံးပြုသည့် Generator များမှာ သက်တမ်းကြာမြင့်စွာ အသုံးပြုလာသည်နှင့်အမျှ စွမ်းဆောင်ရည် ပမာဏ ကျဆင်းလာမှုနှင့်အတူ သဘာဝဓာတ်ငွေ့လေလွင့်ဆုံးရှုံးမှုများပြားလာသည့်အတွက် အကြီးစားပြုပြင်မွမ်းမံရန်လိုအပ်လာခြင်း၊ အဆင့်မြှင့်တင်ရန်လိုအပ်လာခြင်း၊ လိုအပ်သည့် စက်အရန်ပစ္စည်းများ အချိန်မီရရှိရန်လိုအပ်ခြင်း၊ ပညာရှင်များ ကိုယ်တိုင်လာရောက်၍ ပြုပြင်ပေးရန် လိုအပ်ခြင်းတို့ကြောင့် နည်းပညာတိကျခိုင်မာပြီး သေချာမှုရှိသည့်ထုတ်လုပ်သူများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်လိုသည့်အတွက် နည်းပညာနှင့် မူပိုင်ထုတ်လုပ်ခွင့်ရရှိထားသော နိုင်ငံပိုင်စက်ရုံများကို သွားရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားအဖွဲ့များ စခန်းဝင်လေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၅

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိစေရေးအတွက် ရန်ကုန်မြို့၌ စခန်းဝင်လေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံ Teqball အားကစားအဖွဲ့ချုပ်လေ့ကျင့်ရေးအားကစားရုံ၌ ပဏာမလက်ရွေးစင် Teqball အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွားရောက်၍ Joint Training လေ့ကျင့်ခဲ့မှု၊ Teqball Tour Bangkok 2025 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုသွားရောက်ယှဉ်ပြိုင်သည့် အားကစားနည်းများတွင် Teqball အားကစားနည်းသည် အသစ်ပြန်လည်ဖွဲ့စည်းသည့် အားကစားနည်းဖြစ်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အတွေ့အကြုံရရှိစေရေးနှင့် အောင်မြင်မှုများရရှိစေရေး ကြိုးစားလေ့ကျင့်ကြရန် မှာကြားသည်။

ယင်းနောက် ခြင်းလုံးအားကစားရုံတွင် (အမျိုးသား/ အမျိုးသမီး) Event-3 ပြိုင်ပွဲခတ်ကစားနည်းများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပန်ကြပ်ဆီလပ်အားကစားရုံတွင် ပဏာမလက်ရွေးစင် ပန်ကြပ်ဆီလပ်အားကစားသမားများ၏ တစ်ကိုယ်တော်အလှုပြ၊ သုံးယောက်တွဲအလှုပြနှင့် အတိုက်အားကစားနည်း လေ့ကျင့်နေမှုကိုလည်းကောင်း၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိမြန်မာနိုင်ငံဘိလိယက်နှင့် စနူကာလေ့ကျင့်ရေးခန်းမ၌ ပဏာမလက်ရွေးစင်ဘိလိယက်နှင့် စနူကာအားကစားသမားများ လက်ရည်စမ်းယှဉ်ပြိုင်လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုပြီး နည်းပြနှင့် အားကစားသမားများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်ကြပြီး ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိပြီး ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆု၊ အကောင်းဆုံး အလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများ၊ တတိယနှင့် ဒုတိယဆုရအသင်းများကို ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းကို ငွေသားဆုနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# အခြေခံမော်တာ စက်ချုပ်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)မှကြီးမှူး၍ အခြေခံမော်တာစက်ချုပ်သင်တန်းကို နိုဝင်ဘာလ ၅ရက်မှ ၂၁ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ(MGHRDC)၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက သင်တန်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ပံ့ပိုးပေးမည်ဖြစ်ကာ အလုပ်အကိုင်ရရှိရေးအတွက်လည်း အထည်ချုပ်စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) အမှတ် ၄၀၀/ဘီအောက်မင်္ဂလာဒုံလမ်းမကြီး စဥ့်ငူရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၉၄၀၈၅၈၃၅၀၊ ၀၉-၄၅၀၇၂၃၂၆၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဝန်းရံခ**

# တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ၌ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၅

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး(နေပြည်တော်)နှင့် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ(တပ်ကုန်း)တို့မှ အထူးကုဆရာဝန်ကြီးများက တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ၌ ကွင်းဆင်းဆေးဝါးကုသမှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် လုပ်ငန်းကော်မတီအဖွဲ့သည် တပ်ကုန်းမြို့နယ်အုန်းပင်ကျေးရွာရှိမင်္ဂလာရန်အောင်ကျောင်းတိုက်တွင် အုန်းပင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် တောင်ပို့သာ၊ သကြားဟင်းအိုး၊ သစ်ဆိမ့်ပင်၊ ဆူးတက်၊ ကျောက်စရစ်ကုန်း၊ ကျွဲလည်ပင်း၊ ချင်းစုနှင့် ကြာပင်အင်းကျေးရွာတို့မှ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများပါဝင်သည့် ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှု၊ လူသုံးကုန်နှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအတွက် ဗုဒ္ဓဆင်းတုရုပ်ပွားတော်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ၂၀၂၆ ခုနှစ်ပြက္ခဒိန်များအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မီဒီယာအနေဖြင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏လုပ်ငန်းစဉ်များအတိုင်း သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်ထုတ်ပြန်ပေးခြင်းနှင့် အသိပညာမျှဝေပေးခြင်းတို့အပြင်အနုပညာရှင်များနှင့်ပေါင်းစပ်၍ သဘာဝဘေးသင့်ဒေသများသို့ သွားရောက်ပြီး စာနာမှု၊ အားပေးမှုနှင့် စိတ်ခွန်အားမြှင့်တင်မှုတို့အတွက် ဖျော်ဖြေရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းပြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ရာဂိမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အုန်းပင် – တောင်ပို့သာကျေးရွာချင်းဆက်လမ်းပေါ်ရှိလယ်ငယ်ချောင်းကူးတံတားအား သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့က အရှည် ပေ ၃၀၀ ရှိ သံကူကွန်ကရစ်ချောင်းကူးတံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေနှင့် ဆည်မြောင်းဦးစီးဌာနက ရာဂိမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပွဲစားရေလွှဲဆည်အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။


ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့်စေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေအား စေတီတော်ဂေါပကတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရှေးဟောင်းသမိုင်းဝင်သားခိုတောင်ဒေသအား ပြည်သူများလာရောက်လေ့လာနိုင်မည့် ဒေသန္တရခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်ကာ ညောင်ပင်သာအပန်းဖြေစခန်းနှင့်တွဲဖက်၍ ခရီးသွားဧည့်သည်များလာရောက်ခြင်းဖြင့်ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဝင်ငွေတိုးတက်စေမည့် အစီအမံများနှင့်ပတ်သက်၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့်စေတီတော်သည် တပ်ကုန်းမြို့၏ အရှေ့ဘက် မိုင် ၂၀ ခန့်အကွာ အုန်းပင်ကျေးရွာ၌ တည်ရှိပြီး သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

မြဝတီ

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် အပါအဝင် မြို့နယ် ၅ မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပေးစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA) တို့က ကြီးမှူးကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှုအပြည်ပြည်ဆိုင်ရာဖိုရမ် -၂၀၂၅ သို့ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် အောက်တိုဘာ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူးကျိုးမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA)တို့မှ ကြီးမှူးကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှုအပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ သို့ တက်ရောက်သည်။

စွမ်းအင်အသွင်ကူးပြောင်းမှုအပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ တွင် တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနမှဥက္ကဋ္ဌဖြစ်သူ မစ္စတာဝမ်ဟုန်ကျွင့်၊ International Renewable Energy Agency(IERNA)မှညွှန်ကြားရေးမှူးချုပ် မစ္စတာဖရန်ဆက်စကို လာကမ်မီလာ၊ ကျန်းစူးပြည်နယ်အုပ်ချုပ်ရေးမှူး လျူရှောက်ထိုတို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ခေတ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေပြီး ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိသော စွမ်းအင်လုံခြုံရေးသည် လူသားအားလုံးအတွက် ဦးစားပေးကိစ္စရပ်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ကာဗွန်ထုတ်လွှတ်မှု၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အကြီးစားစီမံကိန်းများအပြင် အသေးစား ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများအကောင်အထည်ဖော်ခြင်း၊ အရင်းအမြစ်များအား မျှဝေအသုံးပြုခြင်းနှင့် နျူကလီးယားစွမ်းအင်ကဲ့သို့သော သန့်ရှင်းသည့်စွမ်းအင်အသစ်များလည်း ပါဝင်ကြောင်း၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလမတိုင်မီကာလအထိ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ် ၅၁ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် ၄ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၄၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၂ ရာခိုင်နှုန်းနှင့် ဒီဇယ် ၃ ရာခိုင်နှုန်း စသည့်အချိုးအစားများဖြင့် စုစုပေါင်း ၆၃၅၇ မဂ္ဂါဝပ်အထိရှိကြောင်း၊ နှစ်စဉ်တိုးတက်လာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံသည်အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးပင်မစီမံချက် (၂၀၃၀ အထိ) ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည်သဘာဝဓာတ်ငွေ့နှင့်ရေအားလျှပ်စစ်ကို အဓိကအားထားလျက်ရှိပြီး နိုင်ငံတော်လျှပ်စစ်ပြည့်ဝစွာသုံးစွဲနိုင်ရေးမှာ ဂေဟဗေဒဆိုင်ရာထိခိုက်မှုနည်းသည့် ပြန်ပြည့်မြဲစွမ်းအင်ပိုမိုသုံးစွဲရာတွင် ဓာတ်အားလိုင်းတည်ငြိမ်မှုဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေသည့် ကိစ္စရပ်များကိုဖြေရှင်းရန် ဗျူဟာမြောက်လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ကျောက်မီးသွေးစွမ်းအင်အသုံးပြုမှုကို ၂၀၃၀ပြည့်နှစ်အထိသာ ဆက်လက်အသုံးပြုရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် ကျောက်မီးသွေးစွမ်းအင်အသုံးပြုမှု ရပ်ဆိုင်းသွားရန် ရည်မှန်းချက်များရှိကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင် ဓာတ်အားပေးစက်ရုံ ၈ ရုံ (၂၄၀ မဂ္ဂါဝပ်) အသေးစားနေရောင်ခြည် စွမ်းအင်ဓာတ်အားပေးစက်ရုံများမှ ၂၃ မဂ္ဂါဝပ်ခန့် တပ်ဆင်ထားရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်စီမံကိန်းများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒများချမှတ်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်သဘောတူညီချက်(UNFCCC) နှင့်အညီ မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (NDC) ကို ရေးဆွဲအတည်ပြုခဲ့ပြီး ယင်း NDC တွင် ပြည်တွင်းအရင်းအမြစ်များဖြင့် အကောင်အထည်ဖော်မည့်ရည်မှန်းချက်နှင့် နိုင်ငံတကာမှပံ့ပိုးကူညီမှုရရှိပါက အကောင်အထည်ဖော်နိုင်မည့်ရည်မှန်းချက်နှစ်ရပ်ကို သတ်မှတ်ထားရှိကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်မပါဝင်သော ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် ပြည်တွင်းအရင်းအမြစ်များဖြင့် အကောင်အထည်ဖော်မည့် ရည်မှန်းချက်မှာ ၁၁ရာခိုင်နှုန်း (၂၀၀၀ မဂ္ဂါဝပ်) ဖြစ်ပြီး လုံလောက်သော နိုင်ငံတကာပံ့ပိုးမှုရရှိပါက ၁၇ရာခိုင်နှုန်း (၃၀၇၀ မဂ္ဂါဝပ်) အထိ တိုးမြှင့်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ယင်းသို့အောင်မြင်မှုရရှိပါက ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရာခိုင်နှုန်းကို အတိုင်းအတာတစ်ခုအထိလျှော့ချသွားမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ်မှ ၂၀၄၅ ခုနှစ်အထိ နောက်ထပ်အနှစ် ၂၀ အတွက် စွမ်းအင်အသစ်ဖွံ့ဖြိုးရေးအစီအစဉ်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပုံစံသစ်ကို လည်းရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ အဓိကကျပြီး နိုင်ငံတကာ၏ကူညီထောက်ပံ့မှုများလည်း လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ (National Energy Administration–NEA) ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာဝမ်ဟုန်ကျွင့်နှင့်အဖွဲ့အားတွေ့ဆုံ၍ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် လျှပ်စစ်စီမံကိန်းများအတွက် နှစ်နိုင်ငံကြား ပိုမိုနီးကပ်စွာဆွေးနွေး၍ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကို နှစ်ဖက်ရင်းနီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များနှင့်အတူ တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ မင်္ဂလာရန်အောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ နေပြည်တော် ပြည်သူ့ဆေးရုံ ခုတင်-၃၀၀ နှင့် တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံ ခုတင်-၁၀၀တို့မှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းဆေးကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး လာရောက်ဆေးကုသမှု ခံယူသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းသို့ သွားရောက်၍ လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးရာသီအလိုက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းတစ်လျှောက်လမ်းပိုင်းများ၊ လမ်းဘေးပလက်ဖောင်းများနှင့် ကပ်တုံးများ ပြန်လည်ပြုပြင်နေမှုအခြေအနေများနှင့် လမ်းဘေးမြေယာရှုခင်းများသန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

## ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးကို ဒုတိယဝန်ကြီး ဦးရဲတင့် ကြည့်ရှုစစ်ဆေး

ကိုကိုးကျွန်း အောက်တိုဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက် ၁၁ နာရီတွင် ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းရေးရာကိစ္စများ စနစ်တကျဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်ခန်းမကို ကြည့်ရှုစစ်ဆေးပြီး စာဖတ်သူတိုးပွားရေး အလေးထားဆောင်ရွက်သွားရန်နှင့်သတင်းစာများ အချိန်မီဖြန့်ဝေနိုင်ရေး မှာကြားသည်။

ထို့နောက် မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် မုန့်များထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားရုံများနှင့် ရုံးအဆောက်အအုံများပြန်လည်ပြုပြင်မှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့်အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်အဖွဲ့ဝင်များသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့သွားရောက်၍ Football Stadium၊ Indoor Stadium နှင့် ရေကူးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝဏ္ဏသိဒ္ဓိအားကစားကွင်းသည် နိုင်ငံတကာအဆင့်မီအားကစားကွင်းဖြစ်သည့်အတွက် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်သွားရန်၊ အားကစားကွင်းနှင့် အားကစားရုံများသည် နိုင်ငံ၏အားကစားကဏ္ဍများတွင်အထောက်အကူပြုသည့်နေရာများဖြစ်သည့်အတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဦးစားပေးအလိုက် ဆောင်ရွက်သွားရန်၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်းပြီး ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်သွားရန်၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုသွားရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အဆောက်အအုံအမျိုးအစားနှင့် ပျက်စီးမှုပုံစံအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်



(Standard Operation Procedure – SOP) အတိုင်းလိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားကာ လုပ်ငန်းခွင်အတွင်း ဆောင်ရွက်နေသည့် အခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံသို့သွားရောက်၍ အဆောက်အအုံပြန်လည်ပြုပြင်နေသည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုအဆောက်အအုံသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြီးမားခဲ့သော အဆောက်အအုံများစာရင်းတွင် ပါဝင်သည့်အတွက် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ အရည်အသွေးစစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာနသို့ သွားရောက်၍ ဝန်ကြီးရုံးအဆောက်အအုံနှင့် ရုံးပတ်လမ်း မြေထိန်းနံရံထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်နေမှု၊ လမ်းသားနိမ့်ကျွံသွားသောနေရာတွင် မြေသားပြုပြင်၍ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် မြေထိန်းနံရံထပ်မံပြိုကျမှုမဖြစ်ပေါ်စေရေး Bore Pile ဖြင့် ကျောက်စီမြေကာနံရံအသစ် တည်ဆောက်နေမှုအခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြုပြင်တည်ဆောက်နေခြင်းများကို သတ်မှတ်ကာလအတွင်းပြီးစီးစေရန်၊ အရည်အသွေးကောင်းမွန်စေရန်တို့အတွက် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများကို စစ်ဆေးဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

**၁ ရှေ့ဖုံးမှအဆက်**

အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းတို့ကိုလည်းကောင်း၊ ယနေ့တွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းကို



သီပေါမြို့ရှိအခြေခံပညာကျောင်းများ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း ၄ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၁ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၃၃၁ ဦး ကျောင်းတက်ရောက်၍ စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှအခမဲ့ပေးအပ်သည့်ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့်ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။ ထို့ပြင် ပြည်သူ့ကျန်းမာရေးဌာနမှ ကျောင်းနေအရွယ် အသက် (၁၅)နှစ်အောက် ကျောင်းသား၊ ကျောင်းသူ ၁၄၀ ဦးအား ကာကွယ်ဆေးထိုးနှံပေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးကြသည်။

ထို့ပြင် ယနေ့တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဘော်ကြို)



သီပေါမြို့ ပြည်သူ့ဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကျောင်းများ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်း/အပြင်နှင့် စာသင်ဆောင်များ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

၎င်းအပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ ၂ ဦး တို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မုံးရှာမြို့ ကျောက္ကာလမ်းမှ မြို့ပတ်လမ်းအထိ ပြည်ထောင်စုလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်



မုံးရှာ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံးရှာခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံးရှာမြို့ ကျောက္ကာလမ်းမှ မြို့ပတ်လမ်းအထိ ပြည်ထောင်စုလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာအား မုံးရှာမြို့ပေါ်ရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်စည်ပင်သာယာရေးအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများကို တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စားသုံးဆီများ၊ ဆန်များနှင့် ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မုံးရှာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မုံးရှာတက္ကသိုလ်မှ ပြည်ထောင်စုလမ်းအထိ အရှည်ပေ ၂၂၀၀၀ ရှိ ကျောက္ကာလမ်းမကြီး လမ်းဘေးဝဲ/ယာ နေအိမ်နှင့် ဈေးဆိုင်များရှေ့တွင် မြို့အင်္ဂါရပ်နှင့်အညီ အမြင်တင့်တယ်ကာ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကွန်ကရစ်ခင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေးသန္တာ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Htigyaing Township to cultivate over 8,000 acres of winter sesame this year

HTIGYAING October 25

According to the township Agriculture Department, local authorities earmarked cultivation of more than 8,000 acres of winter sesame in Htigyaing Township of Sagaing Region this year.

During the 2025–2026 winter crop season, it is planned to cultivate 8,080 acres of winter sesame in Htigyaing Township, with planting scheduled to take place from October to December this year.

"In the upcoming winter crop season, we plan to grow over 8,000 acres of winter sesame in Htigyaing Township. Efforts will be made to fully meet the target acreage. Sesame cultivation has been increasing year by year. Compared to the monsoon, farmers mainly focus on growing sesame during the winter. As an oilseed crop, it is doing well," said U Ko Ko Aung, Head of the Htigyaing Township Agriculture Department.

This year, the Township Agriculture Department will provide farmers who cultivated monsoon sesame with awareness programs to encourage expansion of sesame cultivation, adoption of proper cultivation methods, application of GAP practices, and use of quality, pure, and high-yield seed varieties.

Crops produced under GAP standards are known to have better quality than those grown by conventional methods, fetch higher prices, and have the advantage of being marketable not only domestically but also internationally. As a result, farmers who grow crops under GAP are expected to gain higher profits and see improvements in their socio-economic conditions.

SK



## Large volume of Perch fish sent to Yangon market

LABUTTA October 25

Fishery entrepreneurs from Labutta Township of Ayeyawady Region shipped a large volume of Perch fish to Yangon market said Daw Mar Mar Aye, the owner of fishery product depot in Labutta Township.

From Labutta Township, about 70,000 viss of perch fish were transported and sold to the Yangon market.

"In the past month, around 70,000 viss of perch fish were exported from our township. As the Yangon market demanded more, sales improved. With stronger exports, trading and fishery businesses are running smoothly," said Daw Mar Mar Aye.

Perch fish exported from Labutta Township to the Yangon market have been priced between Ks-19,500 and Ks-24,000 per viss. With continuous shipments of perch and other fishery products from the area, traders, fishermen, and loading workers are reportedly gaining stable employment and business opportunities.

SK

## More than 2,000 acres of green gram harvested in Taze Township

TAZE October 25

Local farmers have harvested more than 2,000 acres of monsoon green gram in Taze Township of Sagaing Region, according to the statistics of YeU District Agriculture Department.

During this year's monsoon crop season, a total of 15,153 acres of green gram were cultivated in Taze Township. Harvesting of these fields began in September, and so far 2,223 acres have been harvested, with yields reaching 17.25 baskets per acre.

"This year, a total of 15,153 acres of green gram were cultivated in Taze Township during the monsoon season. Harvesting is currently underway, and more than 2,000 acres have already been completed. Awareness activities are being carried out to encourage farmers to expand cultivation and to use quality and pure seeds in order to achieve higher yields," said U Zaw Myint Htun, Head of the YeU District Agriculture Department.

The Township Agriculture Department has been providing farmers in Taze with guidance on using suitable and pure seed varieties, adopting proper cultivation methods, preventing pest infestations, and applying fertilizers systematically to improve yields.



During this year's monsoon cropping season, farmers growing various types of pulses have also been provided with quality seeds, necessary inputs, and post-harvest technology support in cooperation with the Agriculture Department, to ensure both higher yield and better quality.

SMK

## Kangyidaunt Township cultivates over 100,000 acres of rainfed paddy

KANGYIDAUNT October 25

"A total of 135,232 acres of paddy has been planted in this year's rain crops planting season in Kangyidaunt Township, Pathein District, Ayeyawady Region," said Daw Aye Aye Mu, head of the Department of Agriculture for Pathein District.

In Kangyidaunt Township, 143,971 acres of paddy planned to be planted in this year rain crops planting season had been planted since the first week of May, and 135,232 acres of paddy have been planted to date.

"The entire township will plant more than 143,000 acres of rainfed paddy. The Department of Agriculture is preparing technical assistance to ensure that rainfed paddy is planted without difficulty, such as field demonstrations of soil improvement, snail control, and fertilizer application systems. This year's paddy planting season will focus on quality and marketable varieties of paddy," she said.

In Kangyidaunt Township, the Department of Agriculture, the Administration Body, the Irrigation and Water Utilization Management Department, and the Department of Agricultural Mechanization are working together to ensure that rice is planted in this rainy season without any difficulties.

SMK

# Mawlamyinegyun Township sends Shwethweyin rice to Yangon market



MAWLAMYINEGYUN October 25

" Local merchants from Mawlamyinegyun Township of Ayeyawady Region sold 75,000 bags of Shwethweyin rice to Yangon market," said Daw Kay Thi, the owner of rice and paddy trading depot in Mawlamyinegyun Township.

From Mawlamyinegyun Township, only about 75,000 bags of 24-basket Shwethweyin rice were transported and sold to the Yangon market.

"From our side, around 75,000 bags of 24-basket Shwethweyin rice were delivered to the Yangon rice market last month. The domestic rice market has been actively purchasing rice from us. At present, we are buying and milling the region's old summer paddy and supplying it to the Yangon market. Rice prices are stable without much fluctuation. The Yangon market also placed orders for our rice throughout August," said Daw Kay Thi.

The 24-basket Shwethweyin rice supplied from Mawlamyinegyun to the Yangon market has been priced at up to Ks-105,000 per bag. With continuous shipments, traders, farmers, truck operators, and loading workers are reportedly running their businesses smoothly.

**SMK**

## Pwintbyu Township to grow more than 1,000 acres of chilli this cold season



PWINTBYU October 25

A plan is underway to grow 1,285 acres of chilli as cold season crops in Pwintbyu Township of Magway Region this year, according to the township Agriculture Department.

A total of 1,285 acres of dried chili are planned in Pwintbyu Township of Magway Region for cultivation during this year's winter crop season, and local farmers will begin planting from October to December to meet the targeted acreage, according to reports.

"In the coming winter crop season, 1,285 acres of dried chili are planned for cultivation in Pwintbyu Township. Efforts will be made to meet the targeted acreage. Farmers will also be supported in expanding cultivation, using quality and pure seeds to ensure good yields, and adopting GAP (Good Agricultural Practices) methods. Awareness activities will be carried out to promote cultivation with minimal chemical residue for food safety and in line with health standards," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

This winter crop season, the Pwintbyu Township Agriculture Department will provide training on GAP-based farming techniques to ensure quality crop production and improved yields, share knowledge on producing crops that meet health standards, and assist farmers in accessing high-yield varieties.

"If farmers can cultivate dried chili to achieve better yields and quality, it will not only meet local consumption needs but also allow the surplus to be sold, generating income and improving socio-economic conditions. Therefore, dried chili cultivation should be further expanded across regions," said Daw Moe Moe Wai, the Township Head.

**SK**

## Kawlin District to plant over 13,000 acres of winter sunflowers

KAWLIN October 25

A total of 13,100 acres of sunflowers will be planted during the next winter crops planting season in Kawlin District, Sagaing Region, according to the Department of Agriculture for Kawlin District.

The allocation of planting sunflowers in Kawlin District by townships is as per following: 11,118 acres in Kawlin Township, 1160 acres in Wuntho Township, and 822 acres in Pinlebu Township, totaling 13,100 acres.

"We will work to achieve the target acres. We will expand the cultivation of sunflowers, an oilseed crop, to reduce the need for imported palm oil. Sunflowers, an oilseed crop, yield more oil per acre than peanuts and sesame. Sunflowers are only planted in the winter," said U Win Thein, head of the Department of Agriculture for Kawlin District.

In order to expand sunflower cultivation in Kawlin District, the relevant Township Agriculture Department will intensify educational training and will conduct training courses to improve the performance of staff and farmers who will plant sunflower.

**SK**

## Htigyaing Township to grow more than 3,000 acres of lima bean this year

HTIGYAING October 25

Local authorities in Htigyaing Township of Sagaing Region earmarked cultivation of 3,450 acres of lima bean in Htigyaing Township this year, according to the township Agriculture Department.

During the 2025–2026 winter cropping season, 3,450 acres of lima beans are planned for cultivation in Htigyaing Township, with planting scheduled from October to December this year.

"For the coming winter season, Htigyaing Township has set a target of cultivating 3,000 acres of lima beans. We will ensure the target acreage is met. Lima beans are grown only in the winter, and their cultivation has been successful. Since lima beans fetch good prices, farmers prefer to grow them," said U Ko Ko Aung, Head of the Htigyaing Township Department of Agriculture.

During this year's monsoon season, some farmers in Htigyaing cultivated lima beans exclusively, while others grew them as an intercrop to earn additional income.

The Township Department of Agriculture is providing support to farmers who are cultivating various types of beans, including assistance in improving crop yields, promoting the use of quality and pure varieties, and sharing necessary technologies. Farmers are also being trained in natural pesticide preparation and usage, as well as in timely harvesting techniques, to help prevent pest and disease outbreaks. **SMK**

# Putin calls signing of UN convention against cybercrime historic event

HANOI October 25

The signing of the UN Convention against cybercrime is a historic event made possible by the support of the majority of the world's countries for a Russian initiative, Russian President Vladimir Putin said on Saturday.

"This historic event, without exaggeration, became possible thanks to the support by the majority of the world countries of the initiative put forward by Russia in 2019 to develop a universal international treaty on combating the use of information and communication technologies for criminal purposes," Putin said in a message to the convention's signing ceremony.

Despite the difficult international situation, diplomats and representatives of law enforcement agencies from UN member states were able to join forces to prepare and coordinate the "draft of this most important document," Putin said.



"The Convention is designed to resist one of the global challenges of our time – illegal actions in the digital domain. Crimes of such kind are often connected with terrorism and propaganda of extremist ideology, illegal trafficking in drugs and weapons, and pose a serious threat to the security of both individuals and entire states. I would like to make it a point: Russia is open to the closest international cooperation in combatting cybercrime," Putin added.

**Sputnik**

# US, China seek to ease tensions in 'very constructive' Malaysia trade talks

MOSCOW October 25

Saturday's trade talks between US and Chinese delegations in Malaysia were "very constructive," a US Treasury Department spokesperson was quoted as saying by the Financial Times newspaper.

Chinese Vice Premier He Lifeng and US Treasury Secretary Scott Bessent reportedly met on the sidelines of the ASEAN summit in Kuala Lumpur in a bid to stave off a trade war between the two countries.

Earlier this week, the Chinese Commerce Ministry said that Vice Premier He would lead the delegation to the talks with the US, which would take place in Malaysia from October 24-27.

On October 9, the Chinese Commerce Ministry said that starting November 8, it would impose export controls on a number of goods related to medium and heavy rare-earth elements, lithium batteries and artificial graphite anode materials, rare-earth metal mining and processing equipment, raw materials and ultra-high strength materials.

US President Donald Trump threatened the next day to impose an extra 100 percent tariff on imports from China and introduce export controls on critical software starting November 1. On October 13, Treasury Secretary Scott Bessent said that Washington might delay imposing new tariffs until after Trump and Chinese President Xi Jinping meet in South Korea to allow them time to resolve any issues.

**Sputnik**

# Thailand's Queen Mother Sirikit passes away at age 93

BANGKOK October 25

Thailand's Queen Mother Sirikit passed away on Friday at King Chulalongkorn Memorial Hospital, the Bureau of the Royal Household announced.

The bureau stated in an official announcement that a team of doctors, who have been overseeing and providing treatment for the Queen Mother's health at the hospital since September 7, 2019, identified that she was suffering from several illnesses and abnormalities across multiple bodily systems, necessitating continuous medical attention.



According to physicians, the Queen Mother contracted a bloodstream infection on October 17, 2025. Despite the physicians' efforts to provide treatment, her condition gradually deteriorated, and she passed away peacefully at 9:21 p.m. on Friday at the age of 93.

Thailand's King Maha Vajiralongkorn Phra Vajiraklaochaoyuhua has directed the relevant bureau to make arrangements for the Queen Mother's royal funeral, which will be held with the highest honors in accordance with royal traditions. Her remains will be enshrined at the Dusit Maha Prasat Throne Hall, located within the Grand Palace in Bangkok.

The king has also issued a decree establishing a one-year mourning period. This period shall apply to members of the Royal Family and officials of the Royal Court, starting from the date of the Queen Mother's passing.

**Xinhua**

# Five killed, 4 injured in road accident in Pakistan's Punjab

ISLAMABAD October 25

At least five members of a family were killed and four others injured when a truck rammed into a minivan in Pakistan's eastern Punjab Province early on Saturday, an official said on Saturday.

The accident occurred on Hafizabad Road near Qila Diwan Singh area of Gujranwala District, a Rescue 1122 spokesperson told Xinhua.

He said a speeding truck hit the van carrying a family, killing five people on the spot and leaving four others seriously injured.

"The deceased include three men and two women," the spokesperson said, adding that the injured were shifted to hospital.

Road accidents are frequent in Pakistan due to reckless driving, poor road conditions, and a lack of adherence to traffic rules.

**Xinhua**

# NATO state brings back military draft

ZAGREB October 25

Croatia's parliament has voted to reinstate compulsory military service, ending a 17-year hiatus. The Balkan country abolished the draft in 2008, shifting to a fully professional army.

The move comes amid a broader trend among NATO and EU members of reviving conscription and boosting military budgets, citing current geopolitical tensions, particularly the Ukraine conflict.

Under the new law, around 4,000 recruits will be called up each year in five groups for two months of basic training at military facilities across Croatia, state broadcaster HRT reported on Friday. The program – estimated to cost □-23.7 million annually – will begin in early 2026. Participants will receive around □-1,100 per month, plus travel and leave expenses, and credited work experience.

Croatia is "seeing a rise in various types of threats that demand swift and effective action from the broader community," Defence Minister Ivan Anusic stated earlier this week, as cited by AFP. In June, he explained that the decision to reinstate conscription was driven by "changed global geopolitical and security circumstances, increasingly frequent climate change, natural disasters and similar challenges." Croatia joins a growing list of NATO and EU countries reviving or expanding conscription.

Sweden brought back the draft in 2017 and plans to raise the reservist age limit. Latvia and Lithuania have reinstated service, while Estonia and Finland have increased their annual recruitment. Poland has also debated similar measures.

Since the escalation of the Ukraine conflict in 2022, Western officials have claimed that Russia could threaten EU states, prompting a military buildup across the bloc.

European NATO members agreed to boost armed forces spending to up to 5 percent of GDP, citing the alleged "Russian threat."

**RT**

## Public Notice for Elimination of Violence


1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 36 would

**A** We use **would ('d) / wouldn't** when we imagine a situation or action (= we think of something that is not real):

- It **would be** nice to buy a new car, but we can't afford it.
- I'**d love** to live by the sea.
- A: Shall I tell Chris what happened?
  B: No, **I wouldn't say** anything.
  (= I wouldn't say anything in your situation)




We use **would have (done)** when we imagine something that didn't happen in the past:

- They helped us a lot. I don't know what we'**d have** done without their help.
  (we'**d** have done = we **would** have done)
- It's a shame you didn't see the film. You **would have liked** it.
- I didn't tell Sam what happened. He **wouldn't have been** pleased.

Compare **would (do)** and **would have (done):**

- I **would call** Lisa, but I don't have her number. (now)
  I **would have called** Lisa, but I didn't have her number. (past)
- I'm not going to invite them to the party. They **wouldn't come** anyway.
  I didn't invite them to the party. They **wouldn't have come** anyway.

We often use **would** in sentences with **if** (see Units 38–40):

- I **would call** Lisa **if** I had her number.
- I **would have called** Lisa **if** I'd had her number.

**B** Compare **will ('ll)** and **would ('d):**

- **I'll stay** a little longer. I've got plenty of time.
  **I'd stay** a little longer, but I really have to go now. (so I can't stay longer)
- **I'll call** Lisa. I have her number.
  **I'd call** Lisa, but I don't have her number. (so I can't call her)

Sometimes **would/wouldn't** is the past of **will/won't.**

Compare:

| present | | past |
|---|---|---|
| TOM: I'**ll call** you on Sunday. | → | Tom said he'**d** call me on Sunday. |
| AMY: I promise I **won't be** late. | → | Amy promised that she **wouldn't be** late. |
| LISa: Oh, no! The car **won't start.** | → | Lisa was annoyed because her car **wouldn't start.** |

Somebody **wouldn't do** something = he/she refused to do it:

I tried to warn him, but he **wouldn't listen** to me. (= he refused to listen)
The car **wouldn't start.** (= it 'refused' to start)

**C** You can also use **would** to talk about things that happened regularly in the past:

- When we were children, we lived by the sea. In summer, if the weather was fine, we **would** all get up early and go for a swim. (= we did this regularly)
- Whenever Richard was angry, he **would** walk out of the room.
  With this meaning, **would** is similar to **used to** (see Unit 18):
- Whenever Richard was angry, he **used to walk** out of the room.

**will → Units 21–22 would ... if → Units 38–40 wish ... would → Unit 41 would like → Units 37D, 58**
**would prefer / would rather → Unit 59 Modal verbs → Appendix 4**

**Raymond Murphy**

## ၂၀၃၃ ခုနှစ်တွင် Amazon ကုမ္ပဏီ၏ ဂိုဒေါင်များရှိ အလုပ်သမားခြောက်သိန်းကျော်နေရာတွင် စက်ရုပ်များဖြင့်အစားထိုးမည်



ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ စက်ရုပ်များက လူများရဲ့နေရာကိုဝင်ပြီး အစားထိုးနေရာယူနေတာကြာပါပြီ။ အဓိကအားဖြင့် Amazon လိုမျိုး နာမည်ကျော်ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီများက စက်ရုပ်များကိုအသုံးပြုခြင်းဖြင့် သူတို့ရဲ့လုပ်ငန်းတွေမှာ ပိုတွက်ခြေကိုက်အောင်လုပ်ဆောင်လာနေကြတာပါ။

အခုဆိုရင် မကြာသေးမီကထွက်ပေါ်လာတဲ့ သတင်းထုတ်ပြန်ချက်များအရ Amazon ကုမ္ပဏီအနေနဲ့ သူတို့ရဲ့ဂိုဒေါင်များမှာ လူသားအလုပ်သမားတွေအစား စက်ရုပ်အလုပ်သမားတွေနဲ့အစားထိုးသွားဖို့လုပ်ဆောင်နေတယ်လို့ဆိုပါတယ်။ အဲဒီထုတ်ပြန်ချက်အရဆိုရင် Amazon ကုမ္ပဏီက ၂၀၃၃ ခုနှစ်အရောက်မှာ လူသားအလုပ်သမားခြောက်သိန်းကျော်ကို စက်ရုပ်များနဲ့ အစားထိုးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ထုတ်ပြန်ချက်အရဆိုရင် Amazon ကုမ္ပဏီအနေနဲ့ အလုပ်သမားအားလုံးကို အလုပ်ထုတ်သွားမှာလားဆိုတာကိုတော့ အတိအကျမသိရသေးပေမယ့် စက်ရုပ်ကို ပိုမိုအသုံးပြုလာနိုင်တဲ့အတွက် တိုးမြင့်ဖြစ်ပေါ်လာနေတဲ့ လိုလားချက်တွေကို အလုပ်သမားထပ်ခန့်စရာမလိုဘဲ ဖြေရှင်းနိုင်မှာဖြစ်တယ်လို့ဆိုထားပါတယ်။ **Ref: IE**

**ကိုထက်**

## ၁၃၃၅ မိုင်ရောက်ရှိမယ့် ပေါင်းစပ်စွမ်းအင်သုံး EV နဲ့ ပြိုင်ဘက်များကိုယှဉ်ပြိုင်လာတဲ့ BYD




လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) ဈေးကွက်မှာ ဈေးကွက်ဝေစုကိုအများဆုံးရရှိထားတဲ့ BYD ကုမ္ပဏီက အခုဆိုရင်ဈေးကွက်ထဲမှာ ပြိုင်ဘက်များစွာနဲ့ ရင်ဆိုင်လာရပါပြီ။ အဲဒီပြိုင်ဘက်များကိုယှဉ်ပြိုင်နိုင်စေဖို့အတွက် ပေါင်းစပ်စွမ်းအင်အသုံးပြု EV ကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။

ယနေ့ကမ္ဘာ့ EV ဈေးကွက်မှာ ရေပန်းစားလာတာက Plug-in Hybrid EV များဖြစ်ပါတယ်။ သူတို့ရဲ့စွမ်းရည်က အားတစ်ကြိမ်အပြည့်သွင်းရုံ၊ ဆီတစ်ခါအပြည့်ဖြည့်ရုံနဲ့ ခရီးမိုင်ပေါင်းထောင်နဲ့ချီအောင်သွားနိုင်တာဖြစ်ပါတယ်။ ဒီတစ်ချက်က မော်တော်ယာဉ်အသုံးပြုသူများ အလိုချင်ဆုံးသောအချက်ပါပဲ။ ဒါကြောင့် BYD ကလည်း 2026 Qin L DM-i ဆိုတဲ့ကားအသစ်ကြီးနဲ့ ပြိုင်ဘက်များကိုယှဉ်ပြိုင်လာတာဖြစ်ပါတယ်။

စလွန်းကားအမျိုးအစားဖြစ်တဲ့ 2026 Qin L DM-i က လျှပ်စစ်စွမ်းအင်တစ်ခုတည်းကိုသာ အသုံးပြုမယ်ဆိုရင် မိုင် ၈၀ လောက်အထိသွားနိုင်မှာဖြစ်ပြီး အင်ဂျင်နဲ့တွဲလိုက်မယ်ဆိုရင် မိုင်ပေါင်း ၁၃၃၅ မိုင်အထိသွားနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် မိသားစုစီးနဲ့ နေ့စဉ်အသုံးပြုမှုအတွက် ဖန်တီးထားတယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**


## မြေဆီလွှာညစ်ညမ်းမှုကို ပြန်သန့်စင်ပေးမယ့် နည်းလမ်းတွေ့ရှိ

ယနေ့ကမ္ဘာပေါ်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့စိန်ခေါ်မှုတစ်ခုက ဘာလဲဆိုရင် မြေဆီလွှာညစ်ညမ်းမှုဖြစ်ပါတယ်၊ မြေဆီလွှာညစ်ညမ်းခြင်းကြောင့် အစားအစာနဲ့ရေတွေအဆိပ်သင့်မယ်။ မြေသြဇာတွေဆုံးရှုံးမယ်၊ နောက်ဆုံးမှာ လူသားများရဲ့ကျန်းမာရေးနဲ့ စားနပ်ရိက္ခာဖူလုံရေးတို့ကိုပါ ခြိမ်းခြောက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေကို ကိုင်တွယ်ဖြေရှင်းဖို့ အလွန်အရေးကြီးလာပါတယ်။

တရုတ်နိုင်ငံရှိ သိပ္ပံအကယ်ဒမီမှ သိပ္ပံပညာရှင်များက မြေဆီလွှာညစ်ညမ်းလာမှုအခြေအနေကို ဖြေရှင်းနိုင်စေမယ့် နည်းလမ်းတစ်ခုကို တွေ့ရှိလိုက်ပါတယ်။ အဲဒီနည်းလမ်းက သဘာဝကိုအခြေခံထားတဲ့နည်းလမ်းဖြစ်ပါတယ်။ သူတို့ရဲ့သုတေသနပြုမှုအရ အဏုဇီဝရုပ်များနဲ့ သံသတ္တုများက စက်ကိရိယာကြီးများ ဒါမှမဟုတ် ဘေးဖြစ်စေတဲ့ ဓာတုပစ္စည်းများကိုအသုံးမပြုဘဲ မြေဆီလွှာမှာရှိတဲ့အဆိပ်သင့်အရာဝတ္ထုများကို ထိရောက်မှုရှိစွာ ဖယ်ရှားပေးနိုင်တယ်လို့ဆိုပါတယ်။

ဒီနည်းလမ်းကိုအသုံးပြုခြင်းအားဖြင့် တစ်ချိန်ချိန်မှာ လယ်ယာစိုက်ပျိုးမြေများ၊ ရေဝပ်မြေများကို ပြန်လည်ရှင်သန်လာနိုင်စေမယ့်အပြင် အဆိပ်သင့်မြေအဖြစ်တည်ရှိနေတဲ့ စက်မှုဇုန်မြေနေရာများကိုလည်း ပြန်လည်သန့်ရှင်းပေးနိုင်စေမှာဖြစ်တယ်လို့ သုတေသနပညာရှင်များရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ **Ref: IE**

**ကိုထက်**




## မောင်းနှင်နေစဉ် EV များကို အားပြန်သွင်းပေးမယ့် ကမ္ဘာ့ပထမဆုံးကားလမ်း ပြင်သစ်နိုင်ငံမှာ စတင်စမ်းသပ်အသုံးပြု



EV ကားများအတွက် စိန်ခေါ်မှုက မြန်ဆန်စွာအားသွင်းနိုင်စေဖို့နဲ့ အလွယ်တကူအားသွင်းနိုင်စေဖို့ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကိုကျော်လွှားနိုင်ဖို့အတွက် ကြိုးစားလာသူက ပြင်သစ်နိုင်ငံဖြစ်ပါတယ်။ အခုဆိုရင် ပြင်သစ်နိုင်ငံက EV ကားများကိုမောင်းနှင်နေရင်းအားသွင်းနိုင်စေမယ့် ကားလမ်းကို လက်တွေ့စမ်းသပ်မှု စတင်လုပ်ဆောင်နေပါပြီ။ ဒီလိုကားလမ်းဆိုတာ ကမ္ဘာ့ပထမဆုံးလည်းဖြစ်ပါတယ်။

ဒီလမ်းရဲ့စနစ်က လက်ရှိစမတ်ဖုန်းတွေမှာ အသုံးပြုလေ့ရှိတဲ့ ကြိုးမဲ့အားသွင်းစနစ်နဲ့အလားသဏ္ဍာန်တူပါတယ်။ ပဲရစ်မြို့ရဲ့အနောက်တောင်ဘက် ၂၅ မိုင်အကွာရှိ A10 ကားလမ်းမကြီးကို EV များအတွက် ကြိုးမဲ့အားသွင်းစနစ်ပါ လမ်းမကြီးအဖြစ် ပြောင်းလဲဖန်တီးလိုက်တာဖြစ်ပါတယ်။

ဒီစနစ်ရဲ့လုပ်ဆောင်ပုံကိုပြောရမယ်ဆိုရင် လမ်းရဲ့အောက်ခြေမှာ အားသွင်းပေးမယ့်ကွိုင်များကိုမြှုပ်နှံထားပါတယ်။ အဲဒီကွိုင်များက သံလိုက်စက်ကွင်းကိုဖြစ်ပေါ်စေပြီး လျှပ်စစ်စီးဝင်စေပါတယ်။ ပြီးတဲ့အခါ ကားမှာပါတဲ့လက်ခံကွိုင်ဆီ လျှပ်စစ်စီးဝင်စေပြီး ဘက်ထရီထဲကိုအားဝင်စေတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## တိုက်လေယာဉ်များကို ကိုယ်ပျောက်ဖြစ်သွားစေမယ့် အလွန်မြင့်မားတဲ့ အပူဒဏ်ခံအပေါ်ယံအလွှာ



တိုက်လေယာဉ်များကို ရေဒါဖမ်းယူမှုကနေရှောင်ကွင်းနိုင်စေဖို့ အပေါ်ယံအလွှာအထပ်ထပ်ကိုသုတ်လိမ်းရပါတယ်။ တိုက်လေယာဉ်ဖြစ်တဲ့အတွက် အသံထက်မြန်တဲ့နှုန်းနဲ့မောင်းနှင်တာကြောင့် အပူဒဏ်ခံနိုင်ဖို့ကလည်း အရေးကြီးပါတယ်။ အခုဆိုရင် နည်းပညာအရာမှာ အရှိန်အဟုန်နဲ့ တိုးတက်မြင့်မားလာတဲ့ တရုတ်နိုင်ငံက အပူချိန်ကိုလည်း တော်တော်လေးမြင့်မားတဲ့အထိခံနိုင်ရည်ရှိတဲ့အပြင် တိုက်လေယာဉ်ရဲ့ ကိုယ်ပျောက်စွမ်းရည်ကိုလည်း မြင့်မားစေတဲ့ အပေါ်ယံအလွှာတစ်မျိုးကို ဖန်တီးလိုက်နိုင်ပါပြီ။

ပီကင်းတက္ကသိုလ်နဲ့ ဟာပင်းအင်ဂျင်နီယာတက္ကသိုလ်တို့မှသိပ္ပံပညာရှင်များက အလေးချိန်ပေါ့ပါးတဲ့အပြင် အထူပါးလွှာတဲ့အပေါ်ယံအလွှာကို ဖန်တီးလိုက်တာဖြစ်ပါတယ်။ အထူက သုည ဒသမ ၁ မီလီမီတာသာရှိပြီး သင့်တင့်လျောက်ပတ်မှု၊ ကြံ့ခိုင်မှု၊ လျှပ်စစ်သံလိုက်လှိုင်းစုပ်ယူမှုဆိုတဲ့ စွမ်းဆောင်ရည်များကို ပေါင်းစပ်ထားတာပါ။ အဲဒီအပေါ်ယံလွှာရဲ့အပူဒဏ်ခံနိုင်ရည်က ၁၀၀၀ ဒီဂရီစင်တီဂရိတ်အထိရှိပါတယ်။ ဒါဟာ အသံထက်မြန်လေယာဉ်များပျံသန်းစဉ် တွေ့ကြုံရတဲ့အပူချိန်ဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ဒေါ်နယ်ထရမ့်က ကင်ဂျုံအွန်နှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိဟုဆို


**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏အာရှဒေသခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်နှင့် တွေ့ဆုံဆွေးနွေးသွားရန်အသင့်ရှိကြောင်း ထုတ်ဖော်ပြောလာသည်ဟုသိရသည်။

"တကယ်လို့ သူ့ဘက်ကဆက်သွယ်လာတယ်ဆိုရင် ကျွန်တော့်ဘက်ကတော့ နောက်ဆုံးအချိန်အထိ သူနဲ့တွေ့ဆုံသွားဖို့ အသင့်ပါပဲ။ ကျွန်တော့်အနေနဲ့ တောင်ကိုရီးယားနိုင်ငံကိုလာမယ်ဆိုတာ အားလုံးအသိပဲလေ။ သူသာတွေ့ချင်တယ်ဆိုရင် ကျွန်တော်ကတွေ့ဖို့အဆင်သင့်ပါပဲ" ဟု ဒေါ်နယ်ထရမ့်က အာရှဒေသခရီးစဉ်ကို လာရောက်စဉ် လေယာဉ်ပေါ်၌ သတင်းထောက်များကိုပြောထားခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မလေးရှားနိုင်ငံသို့ ဦးစွာသွားမည်ဖြစ်ပြီး ထိုနိုင်ငံ၌ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံသို့တက်ရောက်မည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် ဂျပန်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံသို့သွားမည်ဖြစ်ကြောင်းနှင့် ထိပ်သီးအစည်းအဝေးများတက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြန်ကြားရေးအဖွဲ့က ထုတ်ပြန်ထားသည်။ **Ref: Xinhua**

# မလေးရှားနိုင်ငံ၌ကျင်းပသည့် အမေရိကန်နှင့်တရုတ်တို့ကြား ကုန်သွယ်ရေးဆွေးနွေးပွဲ အလွန်အပြုသဘောဆောင်



**ကွာလာလမ်ပူ၊ ဆက်ဆံရေး**

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က ကုန်သွယ်မှုဆက်ဆံရေး၌ တင်းမာမှုများဖြစ်ပေါ်နေစဉ် အောက်တိုဘာလ ၂၅ ရက်တွင် နှစ်နိုင်ငံတာဝန်ရှိသူများက မလေးရှားနိုင်ငံ၌ ကုန်သွယ်ရေးဆွေးနွေးပွဲကျင်းပရာ ထိုဆွေးနွေးပွဲသည် အလွန်အပြုသဘောဆောင်သည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်ဆန့်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလိုင်ဖန်းတို့က ကမ္ဘာ့ဒုတိယအမြင့်ဆုံးအဆောက်အအုံဖြစ်သည့် Merdeka 118 ၌ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယနေ့အတွက်ဆွေးနွေးမှုသည် အဆုံးသတ်သွားပြီဖြစ်ကြောင်း၊ ထိုဆွေးနွေးပွဲက အလွန်အပြုသဘောဆောင်ကြောင်းနှင့် လာမည့်ရက်တွင်ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကဆက်ပြောသည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အနေဖြင့် အပြန်အလှန်သွင်းကုန်အခွန်တိုးမြှင့်သတ်မှတ်မှုမှတစ်ဆင့် ဖြစ်ပေါ်လာမည့် တင်းမာမှုများကိုရှောင်လွှဲနိုင်စေရေးအတွက် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးမှုများဆောင်ရွက်နေခြင်းဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များဖြစ်သည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် အောက်တိုဘာလ ၃၀ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌တွေ့ဆုံနိုင်ခြေရှိကြောင်းသိရသည်။ **Ref: ST**

# ဘရာဇီးနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာရေးအတွက် ဆောင်ရွက်နေ

**ရီယိုဒီဂျနေးရိုး၊ နိုင်ငံရေး**

ဘရာဇီးနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ဘရာဇီးသမ္မတလူးဝစ်အင်နာစီယိုလူလာဒါဆေးဗားကပြောသည်။

သမ္မတအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် ဘရာဇီးနိုင်ငံသည် အာဆီယံနှင့်ပိုမိုခိုင်မာနက်ရှိုင်းသောဆက်ဆံရေးကို တည်ဆောက်သွားရန်ဆန္ဒရှိသည်ဟုပြောခဲ့ကြောင်း ဘရာဇီးသမ္မတရုံးက အောက်တိုဘာလ ၂၄ ရက်တွင်ထုတ်ပြန်ထားသည်။

"ကျွန်တော်တို့အနေနဲ့က လက်ရှိဖြစ်တည်နေတဲ့ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းခိုင်မာအောင် ဆောင်ရွက်သွားလိုပါတယ်။ ယနေ့ကမ္ဘာကြီးကိုကြည့်ရင် နိုင်ငံ့ခေါင်းဆောင်များဆီကနေ ကြီးမားတဲ့ဆွေးနွေးညှိနှိုင်းမှုနဲ့ ကူညီလိုစိတ်ရှိမှုတို့ကို လိုအပ်နေတာဖြစ်ပါတယ်" ဟု ဘရာဇီးသမ္မတက အာဆီယံအတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံစဉ် ပြောခဲ့ကြောင်း သမ္မတရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Ref: Xinhua**

# ယူကရိန်းအရေး ငြိမ်းချမ်းရေးသဘောတူညီချက်ရရန် နီးစပ်လာနေပြီဟု ရုရှားတာဝန်ရှိသူပြော

**မော်စကို၊ ငြိမ်းချမ်းရေး**

ရုရှား၊ အမေရိကန်၊ ယူကရိန်းတို့အနေဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် အတန်အသင့်နီးစပ်လာပြီဖြစ်ကြောင်း ရုရှားတာဝန်ရှိသူတစ်ဦးဖြစ်သည့် ကီရေးဒီမီထရိကပြောသည်။

ယူကရိန်းသမ္မတ ဇီလန်စကီအနေဖြင့် ပဋိပက္ခပြေလည်ရေးနှင့်ပတ်သက်၍ လေသံပြောင်းလာကြောင်း၊ ယူကရိန်းကပိုင်ဆိုင်သည်ဟုပြောထားသော ဒေသများမှနေ၍ ရုရှားတပ်ဖွဲ့များဆုတ်ခွာရန် ပြောဆိုမှုအစား တိုက်ပွဲမျဉ်းများရေးဆွဲရန်ပြောဆိုလာနေကြောင်း ဒီမီထရိကသတင်းဌာနတစ်ခုနှင့်တွေ့ဆုံမေးမြန်းမှုတွင်ပြောသည်။

ထို့ပြင် ရုရှားနိုင်ငံသည် အပစ်အခတ်ရပ်စဲရေးကိုသာ လိုလားသည်သာမကဖြစ်ပေါ်နေသောပဋိပက္ခကိုဖြေရှင်းရန်လည်းလိုလားကြောင်း ဒီမီထရိကပြောထားသည်ဟုသိရသည်။

**Ref: RT**

# ထိုင်းဘုရင့်မယ်တော်ကြီး ကံတော်ကုန်သွားခြင်းကြောင့် ထိုင်းဝန်ကြီးချုပ် APEC အစည်းအဝေးတက်မည်မဟုတ်



**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းနိုင်ငံ၌ ဘုရင်၏မယ်တော်ဖြစ်သော သီရိခေတ်သည် အောက်တိုဘာလ ၂၄ ရက်ညပိုင်းတွင် ကံတော်ကုန်သွားခြင်းကြောင့် အောက်တိုဘာလ ၂၅ ရက်မှစ၍ နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလသတ်မှတ်သည့်အတွက် ထိုင်းဝန်ကြီးချုပ်သည် APEC ညီလာခံသို့တက်မည်မဟုတ်ဟု ထိုင်းအစိုးရအဖွဲ့ကထုတ်ပြန်ထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံကိုလည်း တက်မည်မဟုတ်ကြောင်း အောက်တိုဘာလ ၂၅ ရက်တွင် အစိုးရအဖွဲ့အစည်းအဝေး၌ ဝန်ကြီးချုပ်ကဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ သို့သော် ထိုင်း-ကမ္ဘောဒီးယားငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးပွဲသို့ တက်ရန် အောက်တိုဘာလ ၂၆ ရက်နံနက်ပိုင်းတွင် မလေးရှားနိုင်ငံသို့သွားမည်ဖြစ်ပြီး ထိုပွဲပြီးနောက် ထိုင်းနိုင်ငံသို့ချက်ချင်းပြန်လာမည်ဖြစ်သည်။

ထိုင်းဘုရင်၏မယ်တော် သီရိခေတ် ကံတော်ကုန်သွားခြင်းကြောင့် နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အစိုးရရုံးများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် စာသင်ကျောင်းများအနေဖြင့် နိုင်ငံတော်အလံကိုတိုင်ဝက်လွှင့်ထူရန်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အနက်ရောင်ရုံးတက်ဝတ်စုံကို တစ်နှစ်ဝတ်ဆင်ရန်၊ ပြည်သူများက လိုအပ်သလိုပူးပေါင်းပါဝင်ပေးကြရန်နှင့် ပျော်ပွဲရွှင်ပွဲများကို ခြိမ့်ခြိမ့်သဲကျင်းပခြင်း မပြုရန် အစိုးရကထုတ်ပြန်ထားကြောင်းသိရသည်။ **Ref: Xinhua**

# ငြိမ်းချမ်းရေးစာချုပ်ချုပ်ရန် ဂျပန်၏ဆန္ဒရှိမှု ရုရှားနိုင်ငံကကြိုဆို

**မော်စကို၊ ငြိမ်းချမ်းရေး**

ရုရှားနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုသွားရန် ဂျပန်နိုင်ငံ၏ဆန္ဒရှိမှုကို ရုရှားနိုင်ငံကကြိုဆိုကြောင်း သမ္မတရုံးကထုတ်ပြန်ထားသည်။ ဂျပန်နိုင်ငံဝန်ကြီးချုပ်အသစ်ဆာနာအီတာကာအီချီက ရုရှားနိုင်ငံနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ရေးသည် ၎င်းအစိုးရအဖွဲ့၏ နိုင်ငံခြားရေးမူဝါဒတွင် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်နေကြောင်း ပြောပြီးနောက် ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ယခုကဲ့သို့ကြိုဆိုကြောင်းပြောခြင်းဖြစ်သည်။

ရုရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားပြီးနောက်ပိုင်းမှစ၍ ယခုအချိန်အထိ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ခြင်းမရှိသေးကြောင်း၊ အထူးသဖြင့် ၁၉၄၅ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုအပိုင်ဖြစ်လာသည့် ကူရေးကျွန်းစုတောင်ပိုင်းစွန်းရှိ ကျွန်းလေးကျွန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားနေခြင်းကြောင့်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောသည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည်လည်း ဂျပန်နိုင်ငံနှင့်ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ထိုးမှုကို ထောက်ခံကြောင်း၊ သို့သော် အနောက်နိုင်ငံများက ရုရှားနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများတွင် ဂျပန်နိုင်ငံကလည်း ပူးပေါင်းပါဝင်နေကြောင်း ဒီမီထရီပက်စကော့က ပြောထားသည်ဟုသိရသည်။ **Ref: RT**



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၄၄ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၄ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး အတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၉၈၁၃ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ငါးဖမ်းရေယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ







တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၉ ရက်**တွင် မြိတ်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (၁၁ ဒသမ ၄၃၈)တန်နှင့် (၄၅)ပေါင်ဝင် မီးသွေးအိတ် (၅၁)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၀၈၄၀)နှင့် အဆိုပါသစ်များတင်ဆောင်ထားသည့် ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၀၀၀)ကိုသစ်တောဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ်၊ ခိုကျွန်း၊ ပိတုန်းတောင်ကျွန်းနှင့် ကျွန်းစုမြို့နယ်၊ မီးစိမ်းကျွန်းတို့အနီး၌ တရားဝင်ငါးဖမ်းလိုင်စင်မရှိသည့် ရေယာဉ် (၅)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၅၀၀၀၀) ကို မြန်မာ့ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၅၀၈၄၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင်ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်**တွင် ရေတာရှည်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၂ ဒသမ ၃၂၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၇၂၈)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်**တွင် သံဖြူဇရပ်မြို့နယ်၊ ဝယ်သွန်ချောင်ကျေးရွာ၌ တရားမဝင် သစ်များ တင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကိုသစ်တောဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့နယ်၊ ဖက်တန်းရပ်ကွက်၊ မဟာမြတ်မုနိဘုရားလမ်း၊ တိုက်အမှတ်(၄)၌ စားသောက်ကုန်ပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၇၅၆၄၀၀၀)ကို အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ထားရှိပြီး အဆောက်အဦပိုင်ရှင်အား ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ **အောက်တိုဘာလ ၂၃ ရက်**တွင် သံဖြူဇရပ်မြို့နယ်နှင့် သထုံ မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၃၅၆၄၀၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၃ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၇၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး၊ Toyota Townace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော လက်ကောက်(၂)ကွင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင် စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိုက်ပျိုးရေးသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၄၇၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၁၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

**အောက်တိုဘာလ ၁၉ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၉၆၉၆၅၆၈)**ကို ဖမ်းဆီးရမိခဲ့သည်။

ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# ဝမ်းချန်ပီယံရှစ် Friday Fight 130 တွင် ဆလိုင်းထန်ခွီးရှိန် အမှတ်ဖြင့်ရှုံးနိမ့်ပြီး ဆွန်ရက်အလဲထိုးအနိုင်ယူ



**ရန်ကုန်  အောက်တိုဘာ ၂၅**

ဝမ်းချန်ပီယံရှစ်ကကြီးမှူးကျင်းပသည့် Friday fight 130 ပြိုင်ပွဲကို ယမန်နေ့ညပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပရာ မြန်မာ့လက်ဝှေ့ကျော် နှစ်ယောက်ပါဝင်ထိုးသတ်ခဲ့ကြပြီး ဆလိုင်းထန်ခွီးရှိန်အမှတ်ဖြင့်ရှုံးနိမ့်၍ ဆွန်ရက်ကအလဲထိုးအနိုင်ရရှိခဲ့သည်။

ယင်းပြိုင်ပွဲ၏ ပွဲစဉ်(၁၁)အက်တမ်ဝိတ်တန်း မွေထိုင်းပြိုင်ပွဲတွင် ဒုခေါင်တွဲအဖြစ် မွေထိုင်းဖိုက်တာ ဆောင်ချိုင်နွိုင်နှင့် မြန်မာလက်ဝှေ့ကျော် ဆလိုင်းထန်ခွီးရှိန်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ဆောင်ချိုင်နွိုင်သည် ဝမ်းပြိုင်ပွဲတွင် ၁၀ ပွဲထိုးသတ်ဖူးသည့်အတွေ့အကြုံရှိကစားသမားတစ်ဦးဖြစ်သော်လည်း ဆလိုင်းထန်ခွီးရှိန်အတွက် ဝမ်းပြိုင်ပွဲသည် သူ၏ပထမဦးဆုံးထိုးသတ်သည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။

ဆောင်ချိုင်နွိုင်က မာဂုဏ်မြင့် မွေထိုင်းအမှတ်ပေးစနစ်ကျွမ်းကျင်သည့်ကစားသမားအတွေ့အကြုံရှိသူပီပီ ပထမအချီနှင့်ဒုတိယအချီတို့တွင် သူ၏အမြင့်ခြေကန်ချက်များ လက်သီးတွဲလုံးများဖြင့် ဆလိုင်းထန်ခွီးရှိန်ကို အသာစီးထိုးသတ်ခဲ့သည်။

နောက်ဆုံးအချီတွင် ဆလိုင်းထန်ခွီးရှိန် အတင်းဝင်ပူး၍ နှစ်ဦးသားဆိုင်ထိုးပြိုင်ထိုးကြရာ ကစားသမားနှစ်ဦးလုံးသွေးသံတရဲရဲရှိခဲ့ပြီး ဆောင်ချိုင်နွိုင်ဆရာဝန်ပြခဲ့ရသည်အထိ ဒဏ်ရာကြီးခဲ့သည်။ သို့သော် ပွဲအပြီးတွင် ဒိုင်များ၏အမှတ်ပေးဆုံးဖြတ်မှုဖြင့် ဆောင်ချိုင်နွိုင်အနိုင်ရရှိသွားသည်။

အခြားမြန်မာပွဲစဉ်တစ်ခုဖြစ်သည့် ဆွန်ရက်နှင့် ယမင်းတို့ပွဲသည် အလွန်လျင်မြန်စွာပင်ပွဲသိမ်းခဲ့ပြီး ဆွန်ရက်အနိုင်ရရှိသွားသည်။ ပြိုင်ပွဲ ပထမအချီ တစ်မိနစ်နဲ့ ၁၂ စက္ကန့်အရောက်မှာ ဆွန်ရက်ရဲ့အားပါသည့်ညာလက်သီးထိမှန်ပြီး လဲကျသွားရာမှ ပြန်မထနိုင်သည့်အတွက် ဆွန်ရက်အလဲထိုးအနိုင်ရရှိသွားကြောင်း သိရသည်။

**ဝန်းရံခ**


## ၂၅-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



# ကျိုင်းတုံနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော်  အောက်တိုဘာ ၂၅

ကျိုင်းတုံနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ဝိန်းကျောက်ကျေးရွာအနီးတွင် စိုးမြတ်မင်း(ခ)အားစန်း(၂၀)နှစ် နောင်နွန်း(အာခါ)ကျေးရွာ မိုင်းဇင်းကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်နှင့်ကျော်နီ(ခ)ကျာဘဲ မော်ဝိန်းကျေးရွာ မိုင်းဖြတ်ကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နေသူ မောင်းနှင်လာသောဆိုင်ကယ်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၂၀၀)နှင့်ဘိန်းစိမ်း ၅၅ ဒသမ ၅ ကီလို (ဒေသတန်ဖိုးငွေကျပ် ၂၇၇ ဒသမ ၅ သိန်း) တို့ကို လည်းကောင်း၊ အလားတူ အောက်တိုဘာလ ၂၂ရက်ညနေ ၅ နာရီ မိနစ် ၂၀ တွင် ပူးပေါင်းအဖွဲ့သည် သတင်းအရပုသိမ်ကြီးမြို့နယ်ကျောက်ချောကျေးရွာအနီးတွင် နေဇင်လတ်(၄၈)နှစ် ရပ်ကွက်ကြီး(၈) ပြင်ဦးလွင်မြို့နယ်နေသူ မောင်းနှင်လာသော MITSUBISHI OUTLANDER အမျိုးအစားမော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ၅ ဒသမ ၉၄ ကီလို (ဒေသတန်ဖိုးငွေကျပ်၁၄၈၅ သိန်း)နှင့် ပစ္စတိုသေနတ် ၁ လက်၊ ယင်းကျည်အတောင့် ၂၀၊ ကျည်အိမ် ၂ ခု၊ လက်ပစ်ဗုံး ၂ လုံး တို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးချက်အရ ယင်းနေ့ ည ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိ ဘိန်းဖြူများအား သယ်ဆောင် ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ရဲကျော်(ခ)ကိုရဲ(၃၂)နှစ် မဲကင်းကုန်းကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူအား ချမ်းအေးသာစံမြို့နယ် စမွန်းရပ်ကွက် ၃၄ လမ်း နှင့် ၈၇ လမ်းထောင့်တွင် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**မြဝတီ**



တရားခံ  နေဇင်လတ်နှင့်ရဲကျော်(ခ)ကိုရဲတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများ၊ လက်နက်ခဲယမ်းများနှင့်အတူတွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ပဲခူးလေးနိုင်ပဲခူးလေးနိုင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကျွန်းသာယာရပ်ကွက်နေ လေးနိုင်(ခ)လေးလေးနိုင်အား ည ၁၀ နာရီ ၄၀ မိနစ်တွင် ပဲခူးမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

⇨ **ကျောဖုံးမှအဆက်**

ပွဲကစားချိန် ၅၉ မိနစ်တွင် မိုးဆွေအောင်၏ဖန်တီးပေးပို့မှုကနေ ကောင်းမြတ်ငြိမ်းက ISPE အသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ သစ္စာအားမာန်အသင်းသည် အနိုင်ဂိုးထက်ချေပဂိုးရရှိရေး ကစားသမားအပြောင်းအလဲများပြုလုပ်ကာ တိုက်စစ်မြှင့်ကစားလာ၍ သစ္စာအားမာန်အသင်းတိုက်စစ်မှူး စောမျိုးအောင် တစ်ဦးတည်းက ပွဲကစားချိန် ၇၆ မိနစ်နှင့် ၇၇ မိနစ်တို့တွင် ချေပဂိုးနှစ်လုံး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ လက်ကျန်အချိန်များက အနိုင်အရှုံးအတွက် ပိုအရေးကြီးလာချိန်တွင် ပွဲကစားချိန် ၈၂ မိနစ်အရောက် နိုင်ပွဲကိုဖြစ်စေသည့် သွင်းဂိုးကို ISPE တိုက်စစ်မှူး စောဆေးကပေါ်စေးက သွင်းယူနိုင်ခဲ့၍ ISPE အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသည်။

ယနေ့ညနေပိုင်းတွင် YUSC ကွင်း၌ကစားသည့် ပွဲစဉ်(၇)ပြိုင်ပွဲတစ်ခု၏ ရန်ကုန်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်တို့ ယှဉ်ပြိုင်မှုတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက် အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

**ဝန်းရံခ**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၅

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့်ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ကံသာကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ကံသာကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) သက်တော် (၉၁)နှစ် သိက္ခာ (၇၁) ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက် (အောက်တိုဘာလ ၂၃ ရက်) ကြာသပတေးနေ့ ည ၁၀ နာရီ မိနစ် ၃၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

### နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ကံသာကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ခမည်းတော် ဦးပိန် - မယ်တော် ဒေါ်စိန်လှတို့က ၁၂၉၈ ခုနှစ် ဝါဆိုလဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသောသားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်နေ့တွင် ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဓဇကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက် တနင်္ဂနွေနေ့တွင် မြစ်ကွေ့ကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဓဇကို ဥပဇ္ဈာယ်ပြု၍ ဟင်္သာတမြို့ ဦးဟုတ်ကျောင်-ဒေါ်အုန်းကြည်မိသားစုတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းဆရာတော်နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မသေနနှင့်စာချဆရာတော်များ၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်ဆရာတော်၊ မဟာဒီပံကျောင်းတိုက်ဆရာတော်၊ အောင်မြေဘုံစံကျောင်းတိုက်ဆရာတော်၊ သာသနာ့ရံသီပါဠိတက္ကသိုလ် ဆရာတော်စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၂ ခုနှစ်တွင် **“သာသနဓဇဓမ္မာစရိယ”** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၃၅ ခုနှစ်မှစ၍ ဥသျှစ်ကုန်းကျေးရွာ ကံသာကျောင်းတိုက်၌ ပဓာနနာယက ဆရာတော်အဖြစ် စတင်သီတင်းသုံး၍ နှစ်စဉ် ဝိပဿနာတရားစခန်းများ ဖွင့်လှစ်ခြင်း၊ စာသင်သားရဟန်းသာမဏေများကို ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ရပ်/ကျေးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ပရိယတ္တိဆေကဂုဏ်၊ ပရိယတ္တိမာမကဂုဏ်၊ သာသနစုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၆ ခုနှစ်တွင် **“အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို




သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၁) နှစ် သိက္ခာ (၇၁) ဝါအရ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက် (အောက်တိုဘာလ ၂၃ ရက်) ကြာသပတေးနေ့ ည ၁၀ နာရီ မိနစ် ၃၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

# ပုဇွန်တောင်မြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းပေးအပ်လှူဒါန်းပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့်အားကစားပစ္စည်းပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာလ ၂၄ ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးခင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းပြ/နည်းစနစ်မှူး ဒေါ်သီရိဆွေက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန်းလှထွန်းက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှလှူဒါန်းသည့် အားကစားပစ္စည်းများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြ/နည်းစနစ်မှူး ဒေါ်သီရိဆွေတို့က ပေးအပ်လှူဒါန်းရာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ Grade-6 ကျောင်းသူများက Physical Fitness Exercise အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးမင်းဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန်းလှထွန်းနှင့် တာဝန်ရှိသူများ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းမြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြောင်း သိရသည်။

ဟန်စုယဉ်

# သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်

**ပဲခူး အောက်တိုဘာ ၂၅**

ပဲခူးမြို့ ရန်ကင်းသာပန်းခြံအနီးရှိဟံသာဝတီရေးဟောင်းကျုံး သဘာဝရေပြင်အတွင်းသို့ တိုင်းရင်းငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားအား ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဟံသာဝတီရေးဟောင်းကျုံး သဘာဝရေပြင်အတွင်းသို့ တိုင်းရင်းငါးမျိုးစတင်စိုက်ထည့်ပေးသည်၊ ဆက်လက်၍ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းရင်းငါးမျိုးများ စုပေါင်းညီညာစွာစိုက်ထည့်ပေးကြသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဟံသာဝတီရေးဟောင်းကျုံးရေပြင်အတွင်းသို့ ငါးခုံးမအကြီး၊ ငါးမြစ်ချင်း၊ ငါးပြေမ၊ ငါးရှူ၊ ငါးကျည်းနှင့် ငါးဖန်းမ စုစုပေါင်းကောင်ရေသုံးသိန်းအားစိုက်ထည့်ပေးပြီး တိုင်းရင်းငါးမျိုးများ ပြုန်းတီးမှုမရှိစေရေး၊ သဘာဝနည်းလမ်းအတိုင်း ရှင်သန်ပေါက်ပွားနိုင်စေရေး၊ ရေနေသတ္တဝါများ၏ ဇီဝစနစ်ပြန်လည်ရှင်သန်စေနိုင်ခြင်းနှင့် ရေးဟောင်းကျုံးရေရှည်တည်တံ့စေရေး စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ ဥဿာတိုင်းသား





# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်များကို ပါဝင်ဆင်နွှဲနိုင်ရေး ဖိတ်ခေါ်ခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုတန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့ကစတင်ပြီး နိုဝင်ဘာလ (၁၀)ရက်နေ့အထိ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီမြတ်ကြီး၏ ရင်ပြင်နှင့် ယာဉ်ရပ်နားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း အရောင်းဆိုင်ခန်းများအပြင် နိုဝင်ဘာလ(၃)ရက်နေ့နှင့် (၄)ရက်နေ့တို့တွင် ပွဲတော်လာဧည့်ပရိသတ်(၁၅၀၀၀)ဦးစာအား စတုဒိသာကျွေးမွေးမှုများ၊ နိုဝင်ဘာလ(၃)ရက်နေ့မှ (၅)ရက်နေ့အထိ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ စင်တင်တေးဂီတဖျော်ဖြေမှုများ၊ ညနေပိုင်းတွင် အလှလွှတ်အရုပ်မီးပုံးပျံလွှတ်တင်မှုများ၊ ညပိုင်းတွင် စိန်နားပန်မီးပုံးပျံများလွှတ်တင်မှုများ၊ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများတွင် ဆီမီး(၁၀၀၀၀)စီ ထွန်းညှိပူဇော်ခြင်း၊ မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲပြသထားမှုများ၊ လိပ်ပြာကန်နှင့်ကျုံးအတွင်း မီးမျှောပူဇော်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

**ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီ**






**ပျောက်ဆုံးကြောင်း**

မင်းရဲလင်း(ဘ)ဦးဘသန်း ၁၀/ပမန(နိုင်)၁၂၆၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၉၀၉၃၆၀

**ပျောက်ဆုံးကြောင်း**

စုလှိုင်နှင်း(ဘ)ဦးခင်မောင်သက်ချိုဦး ၇/လပတ(နိုင်)၁၆၃၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ခင်လှဝင်း(ဘ)ဦးအုန်းမြင့် ၇/ပခတ(နိုင်)၁၁၇၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ရီရီဝင်း(ဘ)ဦးနီလာ ၇/သနပ(နိုင်)၁၃၉၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ကျော်လွင်(ဘ)ဦးထွန်းစီ ၅/တဆန(နိုင်)၁၇၆၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ ဟူးမွန်ကျေးရွာအုပ်စု၊ ကောင်းဆာကျေးရွာနေ မောင်ယုကွေး(ဘ)ဦးလုံပေါက် ၁၃/လရန(နိုင်)၂၁၃၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၃၁၅၂၅၃

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အဝဘိတ်ကျေးရွာအုပ်စုအနောက်ပိုင်း၊ မရမ်းချောင်ကျေးရွာနေ မသင်းသင်းခိုင်(ဘ)မင်းစိန်သောင်း ၁၄/ငပတ(နိုင်)၁၆၈၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၄၆၁၅


**မိုးသောက်ပန်း ဂျာနယ်**

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)၏လက်ရာကောင်းနှင့်အတူ ကာတွန်းရွှေကြိုးကြာ၊ ကာတွန်းစောဟန်နှင့် ကာတွန်းစိုပြေတို့၏ ကလေးငယ်များကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်မင်းသိမ်း(သရက်)၊ နတ်မောက်ကြည်မြိုင်၊ ကန့်ဘလူခင်မောင်ဆွေ၊ ချမ်းငြိမ်းဝင်း(မိုးညှင်း)၊ ၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။


ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၁-၁၀-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၄၀)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၇၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦



သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဖြည့်ဆည်းပေးလျက်ရှိသော




**တေဇ ရုပ်စုံ**

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် နိုဝင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# ပရီးမီးယားလိဂ် လာလီဂါနှင့် စီးရီးအေ အမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်






## ဝုဗ် Vs ဘန်လေ

**ကစားမည့် ရက် / အချိန်**

(၂၆-၁၀-၂၀၂၅ ရက် ည ၈:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ဝုဗ် | ၁ - ၀ | ဘန်လေ |
| ဘန်လေ | ၁ - ၁ | ဝုဗ် |
| ဝုဗ် | ၂ - ၀ | ဘန်လေ |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဝုဗ် | ဝေး(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဘန်လေ | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

ဝုဗ် ၁ - ၀ ဘန်လေ

ဝုဗ်နဲ့ဘန်လေအသင်းတို့က ပရီးမီးယားလိဂ်ပွဲစဉ်(၉)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်(၈)မှာ ဝုဗ်အသင်းက ဆန်းဒါးလန်းအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ဘန်လေအသင်းက လိဒ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိထားပါတယ်။ ဝုဗ်အသင်းအနေနဲ့ ပရီးမီးယားလိဂ်ရှစ်ပွဲကစားအပြီးမှာ နိုင်ပွဲမရရှိသေးဘဲ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေပြီး ဒီဘောလုံးရာသီရလဒ်ပိုင်းနဲ့ ခြေစွမ်းပိုင်းအဆိုးရွားဆုံးအသင်းလို့ဆိုရမှာပါ။ ဒါကြောင့် ပေါ်တူဂီလူမျိုး နည်းပြပါရဲယားအနေနဲ့ ဒီဘောလုံးရာသီမှာ အသင်းရဲ့ခံစစ်ပိုင်းကို ပြင်ဆင်ခဲ့ပေမယ့် ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ပိုင်းကျဆင်းနေတာဖြစ်ပြီး ပြိုင်ပွဲစုံနောက်ဆုံး ၁၀ ပွဲမှာ ရှစ်ပွဲအထိ နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ သူတို့ အသင်းအနေနဲ့ ကာရာဘောင်းဖလားပြိုင်ပွဲမှာ ဝက်စ်ဟမ်းနဲ့ အဲဗာတန်အသင်းတို့ကို အနိုင်ရယူခဲ့ပြီး နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တယ်ဆိုပေမယ့် ပရီးမီးယားလိဂ်ပြိုင်ပွဲမှာတော့ ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာပါ့မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။

ဘန်လေအသင်းက ပြီးခဲ့တဲ့ပရီးမီးယားလိဂ်ပွဲစဉ်(၈) လိဒ်အသင်းနဲ့အိမ်ကွင်းပွဲစဉ်မှာ နှစ်ဂိုးပြတ်အနိုင်ရရှိပြီး အဲဒီနိုင်ပွဲက သူတို့အသင်းအတွက် ဒီဘောလုံးရာသီ ဒုတိယမြောက်နိုင်ပွဲဖြစ်ပါတယ်။ ဘန်လေအသင်းအနေနဲ့ ရှစ်ပွဲယှဉ်ပြိုင်ကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၇)မှာ ရပ်တည်နေပြီး လက်ရှိခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုမရှိဘူးလို့ ဆိုရမှာပါ။ ဒါ့ပြင် ဘန်လေအသင်းအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီ ချန်ပီယံရှစ်ပြိုင်ပွဲမှာ ခံစစ်ပိုင်းအကောင်းဆုံးအသင်းအဖြစ် သတ်မှတ်ခံထားရပေမယ့် လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲမှာတော့ လိဒ်အသင်းနဲ့ပွဲစဉ်သာ ဂိုးမပေးခဲ့ရဘဲ ပြိုင်ပွဲစုံနောက်ဆုံးခုနစ်ပွဲမှာ ခံစစ်ပိုင်းက ၁၄ ဂိုးအထိ ပေးခဲ့ရပါတယ်။ ဒါ့ပြင် ပရီးမီးယားလိဂ် ပထမဆုံးနိုင်ပွဲရရှိဖို့ အိမ်ကွင်းမှာ တိုက်စစ်ပိုင်းဦးစားပေးပြီး အဘက်ဘက်က ဖိအားပေးကစားလာမယ့် ဝုဗ်အသင်းကြောင့်လည်း ဘန်လေအသင်းပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။

ဒီနှစ်သင်းက ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ ပြိုင်ပွဲစုံနောက်ဆုံးသုံးကြိမ်တွေ့ဆုံထားပြီး ဝုဗ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရထားပါတယ်။ ဒါ့ပြင် ဒီဘောလုံးရာသီ ပထမဆုံးနိုင်ပွဲရရှိအောင် အိမ်ကွင်းမှာ အကောင်းဆုံးပြင်ဆင်လာမယ့် ဝုဗ်အသင်းပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

## ရီးယဲလ်မက်ဒရစ် Vs ဘာစီလိုနာ

**ကစားမည့် ရက် / အချိန်**

(၂၆-၁၀-၂၀၂၅ ရက် ည ၉:၄၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ရီးယဲလ်မက်ဒရစ် | ၂ - ၅ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၃ - ၂ | ရီးယဲလ်မက်ဒရစ် |
| ဘာစီလိုနာ | ၄ - ၃ | ရီးယဲလ်မက်ဒရစ် |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ရီးယဲလ်မက်ဒရစ် | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဘာစီလိုနာ | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

ရီးယဲလ်မက်ဒရစ် ၂ - ၁ ဘာစီလိုနာ

ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာအသင်းတို့က လာလီဂါပွဲစဉ်(၁၀)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ရီးယဲလ်မက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို ၁ ဂိုး - ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့သလို ဘာစီလိုနာအသင်းက ဂီရိုနာအသင်းကို ၂ ဂိုး - ၁ ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ ကြားရက်ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ အနိုင်ရရှိထားပြီး ရီးယဲလ်မက်ဒရစ်အသင်းက စီးရီးအေထိပ်သီးကလပ် ဂျူဗင်တပ်စ်အသင်းကို ဒီဘောလုံးရာသီမှာ တိုက်စစ်မှူးဘယ်လင်ဟမ်ရဲ့ ပထမဆုံးသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းကတော့ ဂရိကလပ် အိုလံပီယာကို့စ်အသင်းကို ၆ ဂိုး - ၁ ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ဂျူဗင်တပ်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားအပြီး အခုလိုဘာစီလိုနာအသင်းနဲ့ တွေ့ဆုံတာက သူတို့အသင်းအတွက် ပွဲကျပ်ကာလအဖြစ် ယှဉ်ပြိုင်ကစားရတာဖြစ်ပါတယ်။ ဒီဘောလုံးရာသီ စပိန်လာလီဂါကိုးပွဲ ယှဉ်ပြိုင်ကစားအပြီးမှာ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ရှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားပြီး ရမှတ် ၂၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၁) နေရာမှာ ရပ်တည်နေပါတယ်။ ဒါ့ပြင် သူတို့အသင်းအနေနဲ့ တိုက်စစ်မှူးအမ်ဘတ်ပီ အကောင်းဆုံးခြေစွမ်းပြကစားနေပြီး ဗင်နီးရှပ်နဲ့ ဘရာဟင်ဒိုင်ယက်တို့ကလည်း အသင်းကို ရလဒ်ကောင်းတွေရရှိဖို့ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တာကို တွေ့ရပါတယ်။

ဘာစီလိုနာအသင်းက စပိန်လာလီဂါပွဲစဉ်(၈)မှာ ဆီဗီလာအသင်းကို ၄ ဂိုး- ၁ ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက်ပိုင်း နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရရှိပြီး ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတယ်လို့ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ တိုက်စစ်ပိုင်းကောင်းမွန်တဲ့ ထိပ်သီးအသင်းတွေနဲ့ တွေ့ဆုံမှုမှာ ရုန်းကန်ကစားရတာကို သတိထားရမှာပါ။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၂)မှာ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကို အိမ်ကွင်းမှာ ၂ ဂိုး - ၁ ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကိုကြည့်ရင် သူတို့အသင်းအနေနဲ့ စွမ်းဆောင်ရည်ပိုင်းကလည်း တည်ငြိမ်မှုမရှိဘူးလို့ဆိုရမှာပါ။ လူငယ်ကစားသမားယာမယ် ပြန်လည်ကစားနိုင်ပြီဖြစ်သလို တိုက်စစ်မှူးရက်ရှ်ဖို့ဒ်အနေနဲ့လည်း သွင်းဂိုးတွေ ရယူနိုင်ပြီဖြစ်ပေမယ့် သူတို့အသင်းအနေနဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ တွေ့ဆုံရာမှုမှာတော့ အဘက်ဘက်က အသာစီးရယူကစားနိုင်ဖို့ဆိုတာ ခက်ခဲနေဦးမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီ ပြိုင်ပွဲစုံလေးပွဲ တွေ့ဆုံထားရာမှာ ဘာစီလိုနာအသင်းက လေးပွဲစလုံးအနိုင်ရထားပေမယ့် လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်နေတာကြောင့် ဘာစီလိုနာအသင်းအတွက် ခက်ခဲနေဦးမှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

## လာဇီယို Vs ဂျူဗင်တပ်စ်

**ကစားမည့် ရက် / အချိန်**

(၂၇-၁၀-၂၀၂၅ ရက် နံနက် ၂:၁၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| လာဇီယို | ၂ - ၁ | ဂျူဗင်တပ်စ် |
| ဂျူဗင်တပ်စ် | ၁ - ၀ | လာဇီယို |
| လာဇီယို | ၁ - ၁ | ဂျူဗင်တပ်စ် |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| လာဇီယို | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(သရေ) |
| ဂျူဗင်တပ်စ် | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |

**ခန့်မှန်းရလဒ်**

လာဇီယို ၁ - ၁ ဂျူဗင်တပ်စ်

အီတလီစီးရီးအေ ခုနစ်ပွဲကစားအပြီးမှာ လာဇီယိုအသင်းအနေနဲ့ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၁၂) နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိဘဲ နောက်ဆုံးငါးပွဲမှာ တစ်ပွဲအနိုင်ရရှိထားပြီး လေးပွဲအထိ နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဥရောပပြိုင်ပွဲတွေ ယှဉ်ပြိုင်ကစားရမှုမရှိဘဲ စီးရီးအေပြိုင်ပွဲတစ်ခုသာ အာရုံစိုက်ကစားနေရတဲ့ သူတို့အသင်းအတွက် အကောင်းဆုံးခြေစွမ်းမျိုးမရရှိသေးဘဲ စွမ်းဆောင်ရည်ကျဆင်းနေတဲ့ တိုရီနိုအသင်းကိုလည်း အိမ်ကွင်းပွဲစဉ်မှာ အနိုင်ရယူနိုင်ခဲ့ခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။ ဒါ့ပြင် သူတို့အသင်းအနေနဲ့ အိမ်ကွင်းနောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်အောင် အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။

ဂျူဗင်တပ်စ်အသင်းအနေနဲ့ ဒီဘောလုံးရာသီ စီးရီးအေခုနစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံ နောက်ဆုံးခုနစ်ပွဲဆက် အံ့သြဖွယ်ရာနိုင်ပွဲ ပျောက်ဆုံးထားပါတယ်။ ဂျူဗင်တပ်စ်အသင်းက အဲဒီနောက်ဆုံးခုနစ်ပွဲမှာ ကိုမိုနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ကို ရှုံးနိမ့်ပြီး ကျန်ငါးပွဲသရေကျထားကာ လက်ရှိတိုက်စစ်ပိုင်းကလည်း စွမ်းဆောင်ရည်ကျဆင်းနေတာကို တွေ့ရပါတယ်။ စီးရီးအေနောက်ဆုံးပွဲစဉ်မှာ ကိုမိုအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့အထိ အသင်းရဲ့စွမ်းဆောင်ရည်ပိုင်းက ဆိုးရွားနေတာပါ။ ဒါကြောင့် ဂျူဗင်တပ်စ်အသင်းအနေနဲ့ အခုပွဲစဉ်မှာ ရလဒ်ကောင်းဖို့ တိုက်စစ်ထက် ခံစစ်ပိုင်းကို ဦးစားပေးကစားလာနိုင်ပါတယ်။ ဒါပေမဲ့ ဂျူဗင်တပ်စ်အသင်းအနေနဲ့ လာဇီယိုအသင်းရဲ့ အိမ်ကွင်းပွဲစဉ် နောက်ဆုံးလေးပွဲမှာ တစ်ပွဲမျှအနိုင်မရရှိခဲ့ဘဲ သုံးပွဲရှုံးနဲ့ တစ်ပွဲသရေကျထားတာကြောင့် အခုပွဲစဉ်မှာလည်း ခက်ခက်ခဲခဲရုန်းကန်ကစားရနိုင်တာကို တွေ့ရမှာပါ။ အနည်းဆုံး သရေရလဒ်ရယူနိုင်မယ့် လာဇီယိုအသင်းကိုပဲ အားပေးရမှာပါ။

**စည်သူအောင်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(Myanmar Maritime University)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| | ဖွင့်လှစ်မည့်သင်တန်းများ | သင်တန်းကာလ | လက်ခံမည့်ဦးရေ |
|---|---|---|---|
| (က) | သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Shipping Management) | အချိန်ပိုင်း(၁)နှစ် | ၅၀ |
| (ခ) | ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Port Management) | အချိန်ပိုင်း(၁)နှစ် | ၅၀ |
| (ဂ) | ထောက်ပံ့သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Transport and Logistics Management) | အချိန်ပိုင်း(၁)နှစ် | ၇၀ |

၂။ **ပညာအရည်အချင်းသတ်မှတ်ချက်**
- (က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ခ) လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကိုဦးစားပေးစဉ်းစားမည်။

၃။ ဒီပလိုမာသင်တန်းအားလုံးအတွက် ဝန်ထမ်းဖြစ်လျှင်( ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ခွင့်ပြုချက်ပါရှိရမည်။

၄။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို တစ်ပတ်လျှင် ၅ ရက်၊ တနင်္လာနေ့မှသောကြာနေ့အထိ နံနက်(၇:၀၀)နာရီမှ နံနက်(၉:၀၀)နာရီအထိ သတ်မှတ်ထားသောအချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်းအတွင်းရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာန(HRDC)တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါအတိုင်း ဘွဲ့လွန်ဒီပလိုမာဘွဲ့များ ပေးအပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | Post-Graduate Diploma in Shipping Management | Dip. SM |
| (ခ) | Post-Graduate Diploma in Port Management | Dip. PM |
| (ဂ) | Post-Graduate Diploma in Transport and Logistics Management | Dip.TLM |

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာလ ၁၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း နံနက်(၉:၀၀)မှညနေ(၄:၀၀)နာရီအတွင်း ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတို့ကိုပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အထက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ လူတွေ့ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်အစီအစဉ်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်- ၀၉-၄၂၃၅၁၀၈၅၄ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## မဟာသိပ္ပံဘွဲ့သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(Myanmar Maritime University)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အောက်ပါမဟာသိပ္ပံဘွဲ့သင်တန်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်း | သင်တန်းကာလ |
|---|---|
| ထောက်ပံ့ပို့ဆောင်ရေးနှင့် လုပ်ငန်းကွန်ရက်ချိတ်ဆက်ရေး စီမံခန့်ခွဲမှုမဟာသိပ္ပံဘွဲ့ M.Sc( Logistics & Supply Chain Management ) | အချိန်ပိုင်း (၂) နှစ် |

၂။ **ပညာအရည်အချင်းသတ်မှတ်ချက်**
- (က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုမှဘွဲ့တစ်ခုခုရရှိပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဖွင့်လှစ်သည့်သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ(Dip.SM)/ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ(Dip.PM)/ထောက်ပံ့သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ(Dip.TLM)သင်တန်းတစ်ခုခုအား ပျမ်းမျှအမှတ်(၆၅)မှတ်နှင့်အထက်ရရှိအောင်မြင်ပြီးသူဖြစ်ရမည်။
- (ခ) သတ်မှတ်ထားသောသင်ရိုးအတိုင်း အချိန်ပြည့်မီစွာတက်ရောက်နိုင်သူဖြစ်ရမည်။

၃။ မဟာသိပ္ပံဘွဲ့သင်တန်းအတွက်ဝန်ထမ်းဖြစ်လျှင်(ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။ လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၄။ မဟာသိပ္ပံဘွဲ့သင်တန်းကို တနင်္လာနေ့မှသောကြာနေ့အထိ ညနေ(၅:၀၀)နာရီမှ(၇:၀၀ )နာရီနှင့် စနေနေ့ နံနက်(၈:၀၀)နာရီမှညနေ(၄:၀၀)နာရီအထိ တစ်ပတ်လျှင် ၆ ရက် သင်ကြားပို့ချမည်ဖြစ်ပါသည်။ သတ်မှတ်ထားသောအချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်းအတွင်းရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာန(HRDC)တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာလ ၁၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း နံနက်(၉:၀၀)မှညနေ(၄:၀၀)နာရီအတွင်း ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင်ရရှိခဲ့သည့် အမှတ်စာရင်းမူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံတို့ကိုပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

၇။ အထက်ပါမဟာသိပ္ပံဘွဲ့သင်တန်းအတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ လူတွေ့ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်အစီအစဉ်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်- ၀၉-၄၂၃၅၁၀၈၅၄ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

## မတည်ငွေရင်းလျှော့ချခြင်း

HINTERLAND GROUP COMPANY LIMITED ၏ မတည်ရင်းနှီးငွေအား ကျပ်-၁,၅၀၀,၀၀၀,၀၀၀/-မှ ကျပ်-၁၅၀, ၀၀၀,၀၀၀/-(အစုရှယ်ယာ ၁၅,၀၀၀ စုမှ ၁,၅၀၀ စု)သို့ လျှော့ချမည်ဖြစ်ကြောင်းနှင့် မှတ်ပုံတင်အရာရှိထံတင်ပြမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

HINTERLAND GROUP COMPANY LIMITED

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်ရှိ မြေကွက်အမှတ်(၁၈၂/၁၃)တွင် ဖွင့်လှစ်တည်ထောင်ထားသော Style Fashion Accessories (Myanmar)Co.,Ltd. ၏ (၁၉-၉-၂၀၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၂/၂၀၁၄)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ MIC ခွင့်ပြုမိန့်အမှတ်(၈၂၇/၂၀၁၄)ဆုံးဖြတ်ချက်စာမူရင်း ပျောက်ဆုံးသွားပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးတွင် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Style Fashion Accessories(Myanmar)Co.,Ltd.

ဖုန်း-၀၉-၇၇၃၇၄၆၅၀၆

### ပျောက်ဆုံးကြောင်း

ကိုကိုအောင်(ဘ)ဦးဝင်းသိန်း ၇/ပတတ(နိုင်)၁၂၅၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၅၈၇၇၅၃၃

### ပျောက်ဆုံးကြောင်း

လင်းမင်းထိုက်(ဘ)ဦးမြင့်အောင် ၇/ရတန(နိုင်)၀၈၆၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၇၂၇၃၄၇၂

### ပျောက်ဆုံးကြောင်း

ဒေါ်မာစီ(ဘ)ဦးအန်ဂျလို ၁၂/အစန(နိုင်)၀၀၁၄၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၂၆၆၉၉၈၄

### ပျောက်ဆုံးကြောင်း

မင်းမင်းနိုင်(ဘ)ဦးညွန့်လှိုင် ၈/တတက(နိုင်)၂၁၆၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 974523)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း

အောင်ပြည့်ဖြိုး(ဘ)ဦးကိုကိုလေး ၉/ရမသ(နိုင်)၀၈၆၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၄၈၈၁၄၁

### ပျောက်ဆုံးကြောင်း

မင်းနွန့်ချမ်း(ဘ)ဦးမင်းထွန်းငွေ ၁၀/ကမရ(နိုင်)၁၆၈၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၉၁၅၄၆၃၉

### ပျောက်ဆုံးကြောင်း

ဦးထွန်းစိန်(ဘ)ဦးနှင်း ၁၀/ရမန(နိုင်)၁၅၅၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၆၉၅၆၁၃၇

### ပျောက်ဆုံးကြောင်း

စန်းဝင်း(ဘ)ဦးစိုးအောင် ၁၀/လမန(နိုင်)၀၁၂၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၉၇၃၉၄၅

### ပျောက်ဆုံးကြောင်း

မိဟံသာ(ဘ)ဦးပြား ၁၀/ရမန(နိုင်)၀၇၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

### ပျောက်ဆုံးကြောင်း

မေသဇင်(ဘ)ဦးဝင်းကြည် ၁၀/ဘလန(နိုင်)၁၁၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၃၄၉၈၉

### ပျောက်ဆုံးကြောင်း

စန်းစန်းနွဲ့(ဘ)ဦးလှတင် ၁၀/မလမ(နိုင်)၀၁၅၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

### ပျောက်ဆုံးကြောင်း

လှလေးရီ(ဘ)ဦးစိန်ထွန်း ၁၀/မလမ(နိုင်)၀၄၉၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

### ပျောက်ဆုံးကြောင်း

မောင်ယုဝေ(ဘ)ဦးဇော်ဝင်း ၁၀/မလမ(နိုင်)၁၈၇၈၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့**တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှစတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက်** ကျောင်းသို့ပို့ဆောင်ပေးရမည်ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့**တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ကျပ် **၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)**လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ**အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
ISO 9001:2008 Cert. No.683099


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
Fresh LEMON
YANGON
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မှီစက်ကြီးများဖြင့် အချည်အသွေးပြည့်မှီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။

❖ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းနေရန်လို . . .

❖ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များရှိရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ဝမ်းချန်ပီယံရှစ်**

**Friday Fight 130 တွင် ဆလိုင်းထန်ခ်ိုးရှိန် အမှတ်ဖြင့်ရှုံးနိမ့်ပြီး ဆွန်ရက် အလဲထိုးအနိုင်ယူ**

စာ - ၂၅ သို့

......................


**တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အဆင့် ပွဲစဉ်များဆက်လက်ကျင်းပ**

စာ - ၅ သို့

# မုန်တိုင်းငယ် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island) ၏ အနောက်တောင်ဘက် ရေမိုင် ၃၅၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့(Chennai)၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၅၀၀ မိုင်ခန့်၊ ကာကီနာဒါမြို့(Kakinada)၏ အရှေ့တောင်ဘက် ရေမိုင် ၅၁၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၂၆ ရက်၌ အားကောင်းသောမုန်တိုင်းငယ်(Deep Depression)အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာလ ၂၇ ရက်၌ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။ (မိုး/ဇလ)





# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်းက သစ္စာအားမာန်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) ပြိုင်ပွဲတစ်ခုဖြစ်သည့် ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ သီဟဒီပကွင်း၌ကျင်းပရာ ISPE အသင်းက သစ္စာအားမာန်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရမှတ်မကွာသည့်အသင်းနှစ်သင်း ယနေ့တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး နှစ်ဖက်တန်ပြန်တိုက်စစ်များဖြင့် အချိန်အတော်ကြာ ဂိုးရလဒ်ထွက်ပေါ်ခြင်းမရှိဘဲ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ ပွဲကစားချိန် ၃၉ မိနစ်အရောက်တွင် အလှည့်အပြောင်းတစ်ခုအဖြစ် စောဆေးကပေါ်စေး၏ဖန်တီးပေးပို့မှုကနေ ဆန္ဒနိုင်က ISPE အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ⇨



**စနေနေ့ဘောလုံးပွဲရလဒ်များ**

| | | |
|---|---|---|
| **အင်္ဂလန်ပရီးမီးယားလိဂ်** | | |
| လိဒ်ဒ် | ၂-၁ | ဝက်စ်ဟမ်း |
| ချဲလ်ဆီး | ၁-၂ | ဆန်းဒါးလန်း |
| နယူးကာဆယ် | ၂-၁ | ဖူလ်ဟမ် |
| **စပိန်လာလီဂါ** | | |
| ဆိုစီဒက် | ၂-၁ | ဆီဗီလာ |
| ဂီရိုနာ | ၃-၃ | အိုဗီဒို |
| အက်စပန်ညို | ၁-၀ | အယ်ချီ |
| **ဂျာမန်ဘွန်ဒက်လီဂါ** | | |
| ဝါဒါဘရီမင် | ၁-၀ | ယူနီယံဘာလင် |
| အော့စ်ဘတ် | ၀-၆ | လိုက်ပဇစ် |
| ဂလာဘတ် | ၀-၃ | ဘိုင်ယန် |